ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ တနင်္လာနေ့၊ (19-4-2004) (၄၂၀၈)

ယနေ့ထုတ်စောင်ရေ ၁၉၇၈၈၁

သမဏာနဥ္စ ဒဿနံ တေံ မင်္ဂလ မုတ္တမံ။

ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အတော်များများမှာ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိ စီးပွားရေးတိုးတက်ဖြစ်ထွန်းရန် ဌာနဆိုင်ရာတာဝန်ရှိသူများက စည်းရုံးဦးဆောင်ပံ့ပိုးကူညီ ဆန်စပါးအထွက်တိုးရေး၊ လယ်ယာမြေဖော်ထုတ်ရေးအစီအမံများကို စနစ်တကျစီမံဆောင်ရွက်

ရန်ကုန် ဧပြီ ၁၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈နာရီတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာအနီးသို့ရောက်ရှိရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြိုဆို

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့သို့ရောက်ရှိကြရာ ပုသိမ်ခရိုင်နှင့် ကျောင်းကုန်းမြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းကုန်းမြို့နယ် ရွာသာကုန်းကျေးရွာအုပ်စု ညောင်သာယာကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊

စာမျက်နှာ ၈ ကော်လံ ၁ သို့

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ညောင်သာယာကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အလှူရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၉-၄-၂၀၀၄ (တနင်္လာနေ့)

တည်ငြိမ်အေးချမ်းသာယာရေး အလေးထား ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ နေထိုင်ရာ ဒေသတိုင်းတွင် ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးအခွင့်အလမ်းများ တိုးပွားရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် အဘက်ဘက်က ကူညီပံ့ပိုးပေးလျက်ရှိသည်။

အထူးသဖြင့် နယ်စပ်အစွန်အဖျားဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဦးစားပေးတည်ဆောက်ပေးလျက်ရှိသည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ၁၉၈၉ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အစပိုင်းတွင် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားရေးတို့အတွက် ဆောင်ရွက်ခဲ့ရာ အောင်မြင်တိုးတက်မှုများ ရရှိခဲ့သည်။

အဆိုပါ အောင်မြင်မှုများအပေါ် အခြေခံပြီးနောက်ပိုင်းတွင် ပြည်နယ်နှင့်တိုင်းအားလုံး နယ်စပ်ဒေသ အစွန်အဖျား ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသများနှင့် ထိစပ်နေသော ပြည်နယ်ခုနစ်ခုနှင့် တိုင်းနှစ်ခုအတွင်းရှိ မြို့နယ် ၆၈ မြို့နယ်တို့တွင် အကောင်အထည်ဖော်လျက်ရှိသည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများနှင့် ဝန်ကြီးဌာနအသီးသီးတို့က အားတက်သရော ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တိုးတက်အောင်မြင်မှုများ ရရှိနေသည်။ သာဓကအားဖြင့် နယ်စပ်ဒေသများ ပညာရေးကဏ္ဍတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများကို တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူပေါင်း တစ်သိန်းရှစ်ထောင်ကျော် ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံပြည်သူများ ကျန်းမာရေးအတွက် ဆေးရုံ ၅၄ ရုံ၊ ဆေးပေးခန်း ၈၁ ခန်း၊ ကျေးလက် ကျန်းမာရေးဌာန ၃၂ ခုနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲ ၅၀ တို့ကို တည်ဆောက်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက် ရှိရာတွင် ဒေသတွင်း လမ်းပန်းဆက်သွယ်သွားလာမှု ကောင်းမွန်ရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေးတို့အတွက် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၁၉၈၉ ခုနှစ်မှ ယခုအချိန်အထိ ငွေကျပ်သန်းပေါင်း ၅၄၀၀၀ သုံးစွဲခဲ့သည်။

ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူများကလည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးထမ်းပဲ့ထမ်း ပါဝင်ကြိုးပမ်းလျက်ရှိကြသည်ကို တွေ့ရသည်။ ယနေ့ကာလတွင် ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းသာယာလျက်ရှိရာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ငြိမ်းချမ်းချစ်ကြည်စွာ ဆုံစည်းခွင့်ရရှိခြင်း၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ ဖလှယ်နိုင်ခြင်း၊ အေးချမ်းသာယာစွာ ကူးသန်းသွားလာနိုင်ခြင်း စသည့် အကျိုးရလဒ်ကောင်းများကို ခံစားရရှိနေကြပြီဖြစ်သည်။

ယင်းသို့ နယ်မြေဒေသများ ဖွံ့ဖြိုးစည်ပင်တိုးတက်နေခြင်း၏ အခြေခံသည် ငြိမ်းချမ်းသာယာခြင်းဖြစ်ရာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် ရရှိပြီးသော ငြိမ်းချမ်းရေးကို အစဉ်တည်တံ့ခိုင်မြဲနေစေရန် ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်စေရေးအတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းလျက်ရှိချိန်တွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ငြိမ်းချမ်းသာယာဖွံ့ဖြိုးခြင်း၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆီအုန်းစိုက်ခင်းများနှင့် စင်ကိုနာဆေးဝါးကုန်ကြမ်းစိုက်ခင်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၈

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းသည် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၅ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း ထားဝယ်ခရိုင် ရေဖြူမြို့နယ် ပုဂေါ်ဇွန်းသို့ရောက်ရှိပြီး တစ်နာရီလျှင် ၇ ဒသမ ၅တန်ကျ ပုဂေါ်ဇွန်း စားအုန်းဆီစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် စားအုန်းဆီစက်ရုံကို စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားနိုင်ရေး၊ ဘေးထွက်ပစ္စည်းများကို အကျိုးရှိစွာ ပြန်လည်အသုံးပြု သွားနိုင်ရေးနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချသွားနိုင်ရေးဆိုင်ရာ လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုဂေါ်ဇွန်း ဆီအုန်းခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးထားရှိသည့် ဆီအုန်းပင်များကို စနစ်တကျ မှတ်တမ်းတင်ဆောင်ရွက်ရေး၊ ဆီအုန်းဆံနှင့် စားအုန်းဆီပိုမိုထွက်ရှိရေးအတွက် နည်းပညာမြှင့်တင်ရေးနှင့် စနစ်တကျပြုစု ထိန်းသိမ်းဆောင်ရွက်ရေးဆိုင်ရာများကို မှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရေဖြူမြို့နယ် ကလိန်အောင်သို့ ရောက်ရှိပြီး ထားဝယ် မြစ်ဘေး တစ်လျှောက် သစ်၊ ဝါး ပေါက်ရောက်မှု အခြေအနေများနှင့် တစ်နေ့တန်၁၀၀ကျ ဝါးပျော့ဖတ်စက်ရုံ တည်ဆောက်သွားနိုင်မည့်အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆီအုန်းစိုက်ခင်း

ညနေပိုင်းတွင် ကန်ပေါက်ဒေသရှိ ဆီအုန်းစိုက်ခင်းသို့ ရောက်ရှိပြီး အောင်မြင် ဖြစ်ထွန်းလျက်ရှိသော သုံးနှစ်သားအရွယ် ဆီအုန်းပင်များကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧပြီ၁၆ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ စက်မှုရပ်ကွက်ရှိ ပြိုင်မြင်းလယ်ယာ ဘက်စုံသုံး သုံးဘီးမော်တော်ယာဉ် ထုတ်လုပ်ရေးအလုပ်ရုံသို့ ရောက်ရှိပြီး မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကို လေ့လာကြည့်ရှုသည်။ ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သရက်ချောင်းမြို့နယ် ကတွဲရွာအနီးရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ငှက်ဖျားရောဂါ ကုသဆေးထုတ်လုပ်သည့် စင်ကိုနာဆေးဝါး ကုန်ကြမ်းစိုက်ခင်းသို့ ရောက်ရှိပြီး စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပမည့် အာရှလူထုဆက်သွယ်ရေး ထိပ်သီးညီလာခံ တက်ရောက်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူတွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ အာရှလူထုဆက်သွယ်ရေး ထိပ်သီးညီလာခံ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဧပြီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဧပြီ ၁၉ရက်မှ ၂၂ရက်အထိကျင်းပမည့် အာရှလူထု ဆက်သွယ်ရေးထိပ်သီး ညီလာခံ(၂၀၀၄) (The Asia Media Summit 2004) သို့ တက်ရောက်မည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြန်ကြားရေးဝန်ကြီးဌာနရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ မိသားစုများကလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။

ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့်အတူ အဖွဲ့ဝင်များအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူး(သံစုံတီးဝိုင်း)ဦးဝင်းအောင်နှင့် ဦးစီးအရာရှိ (ထုတ်လွှင့်)ဒေါ်ဆန်းဆန်းဦးတို့ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းဂျာနယ် စတင်ဖြန့်ချိ

ရန်ကုန် ဧပြီ ၁၈

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၄၆)ကို ယနေ့စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက် ဆောင်ပုဒ်ဖြင့် သတင်းဦး၊ သတင်းထူးများကို ဖော်ပြလျက်ရှိသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်ဂျာနယ်တွင် ဒီမိုကရေစီ သို့မဟုတ် အကောင်အထည်ဖော်ရန် ခက်ခဲသည့် စိတ်ကူးတစ်ရပ်၊ အမေရိကန်၏ ရေနံမဟာဗျူဟာ၊ ယူဂန္ဒာနိုင်ငံအကြောင်း သိကောင်းစရာ၊ အီရတ်မှ အမေရိကန်တပ်များ ဆုတ်ခွာပေးရန် တောင်းဆိုချက်များ ပေါ်ထွက်နေခြင်း၊ ဖော်လူဂျာထိုးစစ်၊ အကြမ်းဖက်မှု အန္တရာယ် သမ္မတဘုရှ် လျစ်လျူရှုခဲ့၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နေရာ ရွေးချယ်ခံနိုင်ရေးကြိုးပမ်းမှု၊ ယခုနှစ်၏ ကမ္ဘာ့နံ့စားသီးနှံအထွက်၊ ပြည်တွင်းရေး ဝင်စွက်သည့် အမေရိကန်၊ ခွေးရူးပြန်ရောဂါ သယ်ဆောင်သည့် သွေးစုပ်လင်းဆွဲ၊ အာရှနိုင်ငံများ၏ အိမ်ထောင်ရေး ကွာရှင်းပြတ်စဲနှုန်း၊ နိုင်ငံတကာဟာသ၊ အီရတ်နိုင်ငံ အနာဂတ်၊ နှလုံးရောဂါဘေး ဝေးလိုသော်၊ ဟားမားစ် ခေါင်းဆောင် ရန်တီစီ လုပ်ကြံသတ်ဖြတ်ခံရခြင်းစသည့် အကြောင်းအရာများဖြင့်ဝေဝေဆာဆာ ဖော်ပြထားသည်။ (ကြေးမုံ)

ဒါတွေကို သိဖို့လိုတယ်

✳ မြောက်တိုင်းလည်း မမြောက်နဲ့
✳ ခြောက်တိုင်းလည်း မကြောက်နဲ့
✳ ချော့တိုင်းလည်း မပျော့နဲ့

အီရတ်နိုင်ငံ ကူဖာမြို့အနီးတွင် တိုက်ခိုက်မှုဖြစ်၊ ကန်သံချပ်ကာကားနှစ်စီးပျက်စီး

ဘဂ္ဂဒက် ဧပြီ ၁၈

အီရတ်နိုင်ငံ ကူဖာမြို့အနီးတွင် သောကြာနေ့က ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားရာတွင် အီရတ်နိုင်ငံသား လေးဦး သေဆုံးပြီး အခြား ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမေရိကန်မော်တော်ယာဉ်တန်းတစ်ခုသည် ကူဖာအရှေ့ပိုင်းရှိ အယ်လ်အဘာစီယာ တံတားမှ ကူဖာနှင့် အယ်လ်အဘာစီယာကြားရှိ ကျေးလက်ဒေသသို့ ကားမောင်းနှင်လာစဉ် ဘာသာရေးခေါင်းဆောင် အယ်လ်ဆာဒါး၏ မီဒီအရပ်သားလက်နက်ကိုင်တပ်ဖွဲ့များ၏ တိုက်ခိုက်မှုခံခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူ မူဆင်ဂျာဝက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

သံချပ်ကာကား နှစ်စီးမှာ ပစ်ခတ်မှုကြောင့် ပျက်စီးသွားပြီး အမေရိကန်ရဟတ်ယာဉ်တစ်စင်းက သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို သယ်ယူသွားကြောင်း ဂျာဝက်က ပြောကြားသည်။ နှစ်ဒါဇင်ရှိသည့် အမေရိကန်သံချပ်ကာကားများပါဝင်သည့် မော်တော်ယာဉ်တန်းသည် ကူဖာမြို့အား တိုက်ခိုက်ရန်အတွက် အဘာစီယာသို့ ဦးတည်မောင်းနှင်ခဲ့ကြောင်း ဂျာဝက်က စောစောပိုင်းက ပြောကြားခဲ့သည်။

သောကြာနေ့ကလည်း စပိန်တပ်ဖွဲ့ဝင်များနှင့် အီရတ်နိုင်ငံသား ခုခံတိုက်ခိုက်ရေးသမားများ နာဂျက်ဖ်မြို့အနီးတစ်ဝိုက်တွင် ညပိုင်း ပြင်းထန်သည့်တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း နာဂျက်ဖ်ရှိ မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အယ်လ်ဆာဒါး၏ အရပ်သားလက်နက်ကိုင်တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံသိမ်းပိုက်ရေး တပ်ဖွဲ့ဝင်များအား ယခုလအတွင်း တွန်းလှန်တိုက်ခိုက်ခဲ့ရာ နှစ်ဖက်စလုံး အသေအပျောက်များခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။



သိမ်းပိုက်ထား

ဧပြီ ၁၆ ရက်က အီရတ်နိုင်ငံ ကူဖာမြို့ရှိ အဆောက်အအုံနေရာတစ်ခုကို ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါး၏ ခုခံတိုက်ခိုက်ရေး သမားများက သိမ်းပိုက်ထားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒိန်းမတ် စီးပွားရေးလုပ်ငန်းရှင် တစ်ဦး အီရတ်တွင် ပြန်ပေးဆွဲခံရ

ကိုပင်ဟေဂင် ဧပြီ ၁၇

ဒိန်းမတ်နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်တစ်ဦး အီရတ်တွင် ပြန်ပေးဆွဲခံရကြောင်း ဒိန်းမတ် အသံလွှင့်ဌာနက သောကြာနေ့တွင်ကြေညာပြီး အစိုးရကလည်း နိုင်ငံသားတစ်ဦး ပျောက်ဆုံးနေကြောင်း အတည်ပြု ပြောကြားသည်။

အတည်ပြုကြေညာ

သို့ရာတွင် မည်သည့် အီရတ်အဖွဲ့အစည်းကမျှ ဒိန်းမတ်အစိုးရ အာဏာပိုင်များနှင့် ထိုကိစ္စကို အဆက်အသွယ် ပြုလုပ်ခဲ့ခြင်း မရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြု ကြေညာသည်။

အသက် (၃၀)ကျော်အရွယ် ဒိန်းမတ်နိုင်ငံသား တစ်ဦးသည် ယခုသီတင်းပတ် အင်္ဂါနေ့က ဘဂ္ဂဒက်အပြင်ဘက်ရှိ တာဂျီမြို့ အဝေးပြေးလမ်းပေါ်၌ တိုက်ခိုက်မှု ဖြစ်ပွားစဉ် ပြန်ပေးဆွဲခံရဖွယ်ရှိကြောင်းနှင့် ထိုဖြစ်ရပ်ကို ဘာဆာရာမြို့အနီး ဖြစ်ပွားခဲ့သည်ဟု စောစောပိုင်းက မိမိတို့ မှားယွင်းကြေညာခဲ့ကြောင်း ဒိန်းမတ်အသံလွှင့်ဌာနက ကြေညာသည်။

အင်အားဖြည့်ထား

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့တွင် ဒိန်းမတ်တပ်ဖွဲ့ဝင် အင်အား ၅၀၀ ခန့် ပါဝင် အင်အားဖြည့်ထားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ဧပြီ ၁၆ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့ကို ဝိုင်းပတ်ပိတ်ဆို့ထားသည့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဟားမားစ်ခေါင်းဆောင် ပစ်သတ်ခံရကြောင်း အစ္စရေးအတည်ပြုပြောကြား

ဂျေရုဆလင် ဧပြီ ၁၈

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းတွင် အစ္စရေးတို့၏ လုံခြုံရေးစစ်ဆင်မှုအရ ဟားမားစ်အုပ်စုခေါင်းဆောင် အဗ္ဗဒယ်အဇစ်ရန်တီစီ သေဆုံးခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က စနေနေ့တွင် တရားဝင် အတည်ပြုပြောကြားသည်။

စနေနေ့ မွန်းလွဲပိုင်းက အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (အိုင်ဒီအက်ဖ်)သည် ရန်တီစီ စီးနင်းလိုက်ပါလာသည့် ကားတစ်စီးကို ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အိုင်ဒီအက်ဖ်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်သေဆုံးမှု မျှော်လင့်သည်ထက် ပိုများဟုပြောဆို

ဝါရှင်တန် ဧပြီ ၁၆

အီရတ်နိုင်ငံရောက် အမေရိကန်တပ်ဖွဲ့ဝင်များသည် ဧပြီလအတွင်း အကျအဆုံးများပြားနေပြီး မိမိအနေဖြင့် ဤမျှများပြားမည်ဟု မမျှော်လင့်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်က ပြောကြားသည်။

ယခုနှစ် ဧပြီလအတွင်း ခုခံရေးအုပ်စုများက အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များကို တိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံး အမေရိကန်တပ်ဖွဲ့ဝင် ၈၈ ဦး၊ အရပ်သား အများအပြားနှင့် အီရတ်နိုင်ငံသားများ ရာနှင့်ချီ၍သေဆုံးခဲ့သည်။ သေဆုံးမှုအများစုမှာ ဧပြီ ၄ ရက် နောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည်။

ကြေညာထား

တပ်ဖွဲ့ဝင်အင်အား ၂၀၀၀၀ ခန့်သည် ခုခံတိုက်ခိုက်မှုများ ရပ်စဲရေး ကူညီရန် မူလက စီစဉ်ထားသည်ထက် အီရတ်တွင် အချိန်ပို၍ကြာမြင့်ပြီး ရှိနေမည် ဖြစ်ကြောင်း ရမ်းစဖဲလ်က ကြေညာထားသည်။

အီရတ်တွင် တပ်ဖွဲ့ဝင်အင်အား နောက်ထပ်တိုးချဲ့ရန် ဆုံးဖြတ်ချက်မှာ တစ်နှစ်ထက်ပို၍ကြာအောင် နေရမည်မဟုတ်ဆိုသော တပ်ဖွဲ့ဝင်များအား ပေးထားခဲ့သောကတိကို ဖောက်ဖျက်ကျူးလွန်ခြင်းပင်ဖြစ်သည်။**အင်တာနက်။**

ကန်ကင်းလှည့်ယာဉ်ကို ဗုံးခွဲတိုက်ခိုက် အီရတ် တစ်ဦး ဒဏ်ရာ ရရှိ

ဘဂ္ဂဒက် ဧပြီ ၁၇

အမေရိကန် ကင်းလှည့်ယာဉ်တစ်စီးကို ရည်ရွယ်ကာ ထောင်ထားသော ဗုံးတစ်လုံး စနေနေ့က ဘဂ္ဂဒက်မြို့လယ်ပိုင်း၌ ပေါက်ကွဲခဲ့ရာ အီရတ်အရပ်သားတစ်ဦး ဒဏ်ရာရရှိသည်။

အဆိုပါဗုံးသည် စိန့်ရာဖယ်ဆေးရုံအနီး လမ်းကျဉ်းတစ်ခုအတွင်း ပေါက်ကွဲခဲ့ပြီးနောက် လက်နက်ငယ်ပစ်ခတ်သံများ ပေါ်ထွက်ခဲ့သည်။

အီရတ်ရဲအရာရှိတစ်ဦးက ၎င်းတို့ရရှိသော သတင်းများအရ အမေရိကန်တပ်ဖွဲ့မှ ယာဉ်များဖြတ်သန်းသွားစဉ် ဗုံးပေါက်ကွဲခဲ့ပြီးနောက်ပိုင်း ၎င်းတပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ပေါက်ကွဲခဲ့သောဗုံးကို ဆေးဆိုင်အနီးရှိ လမ်းပေါ်ဖြတ်လျက်ရှိနေသော အုတ်ပုံအောက်တွင် ထောင်ထားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဘဂ္ဂဒက်မြို့ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ဗုံးပေါက်ကွဲရခြင်းနှင့်ပတ်သက်၍ စစ်ဆေးလျက်ရှိကြောင်း အမေရိကန်တပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လုံခြုံရေးဆက်လက်ဆိုးရွားနေပါက အီရတ်မှ ပေါ်တူဂီတပ်များပြန်လည်ရုပ်သိမ်းဖွယ်

လစ္စဘွန်း ဧပြီ ၁၆

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ ဆက်လက်ဆိုးရွားနေပါက မိမိတို့၏တပ်ဖွဲ့များကို အီရတ်မှ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း ပေါ်တူဂီပြည်ထဲရေးဝန်ကြီး အန်တိုနီယိုဖီဂူစီရီနိုလိုပက်က ပြောကြားသည်။

ပေါ်တူဂီဝန်ကြီးချုပ် ဟိုဆေးမင်နူယယ်ဒူရာ အိုဘာရိုဆိုသည် တပ်ဖွဲ့ဝင်အင်အား ၁၂၈ ဦးတို့ကို အီရတ်သို့ နိုဝင်ဘာလအတွင်းက ပေးပို့ခဲ့သည်။ ယင်းတပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံတောင်ပိုင်း၌ ဗြိတိသျှတပ်ဖွဲ့၏ ကွပ်ကဲမှုအောက်တွင် လှုပ်ရှားဆောင်ရွက်နေကြသည်။

အီရတ်နိုင်ငံတွင် နိုင်ငံခြားတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားကာ တိုက်ခိုက်နေသောကြောင့် မိမိတို့တပ်ဖွဲ့ဝင်များ၏ နည်းဗျူဟာ ပြောင်းလဲသင့်ကြောင်း ပေါ်တူဂီနိုင်ငံမှ လက်ဝဲနိုင်ငံရေးပါတီများက တိုက်တွန်းလျက်ရှိပြီး မိမိတို့နိုင်ငံတပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုနေကြသည်။ **အင်တာနက်။**

ဂျော်ဒန်နွယ်ဖွား လုပ်ငန်းရှင်တစ်ဦး အီရတ်၌ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် ဧပြီ ၁၈

အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး) နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ကာ ခရီးသွားလာနေသည့် ဂျော်ဒန်နွယ်ဖွား စီးပွားရေးလုပ်ငန်းရှင်တစ်ဦး အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် လွန်ခဲ့သည့်ငါးရက်ခန့်က ပြန်ပေးဆွဲခံရကြောင်း အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့အာဏာပိုင်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။ ဖော်ပြပါလုပ်ငန်းရှင်သည် ဝေယယ်မန်ဒူးဖြစ်ပြီး ဘာဆာရာမြို့သို့ လွန်ခဲ့သည့်နှစ်လက ရောက်ရှိနေသည်ဟု ၎င်းတာဝန်ရှိ ပုဂ္ဂိုလ်ကပြောကြားသည်။ ၎င်းက အခြားအသေးစိတ်သတင်းများကိုမူ ပြောကြားခြင်း မရှိချေ။

အီရတ်နိုင်ငံတွင် မကြာသေးသည့် ရက်သတ္တပတ်များအတွင်း ပြည်ပနိုင်ငံသား ၄၀ ဦးထက်မနည်း ပြန်ပေးဆွဲခံခဲ့ရသည်။ ဆွန်နီနှင့် ရှီးယိုက်လူမျိုးစုခေါင်းဆောင်များက ပြောက်ကျားများအား နိုင်ငံခြားသားများကို ပစ်မှတ်မထားကြရန် မေတ္တာရပ်ခံခဲ့ပြီးနောက် ပြည်ပနိုင်ငံသားအများအပြားကို ဖမ်းဆီးရာမှ လွှတ်ပေးခဲ့သည်။ ချက်နိုင်ငံသားသုံးဦးနှင့် ကနေဒါနိုင်ငံသားတစ်ဦးတို့ သောကြာနေ့က လွှတ်မြောက်လာခဲ့သည်။ ပြည်ပနိုင်ငံသားအများအပြားမှာ ယနေ့တိုင် ပျောက်ဆုံးလျက်ရှိနေသည်။ **အမ်အင်အေ၊ရိုက်တာ။**

အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲရာ၌ အဓိကပစ်မှတ်များသည် အမေရိကန်နှင့်အပေါင်းပါ နိုင်ငံသားများသာဖြစ်ဟုဆို

နိုင်ငံတကာ သတင်းများ

ဒူဘိုင်း ဧပြီ ၁၇

ပြန်ပေးဆွဲမှု၏ အဓိကပစ်မှတ်များသည် အမေရိကန်နိုင်ငံသားများနှင့် အမေရိကန်၏ အပေါင်းပါ နိုင်ငံသားများဖြစ်ကြောင်း ဂျပန်ဓားစာခံ သုံးဦးတို့အား ဖမ်းဆီးထားသည့် အီရတ် ခုခံရေးအုပ်စုတစ်စု၏ ပြောကြားချက်ကို အာရပ် ရုပ်မြင်သံကြားအစီအစဉ်တွင် ကြာသပတေးနေ့က ထုတ်လွှင့်ပြသသွားသည်။ ဖော်ပြပါအုပ်စုဖြစ်သည့် ဆာရာယာအယ်လ်မူဂျာဟေဒင်က ဗုဒ္ဓဟူးနေ့ တွင် လွှတ်ပေးလိုက်သည့် ပြင်သစ်သတင်းစာဆရာနှင့်အတူ လက်ရေးမူဖြင့်ရေးသားထားသည့်စာ၌ အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ ဖော်ပြထားသည်။ ပြင်သစ်သတင်းစာဆရာ သည် အီရတ်နိုင်ငံသိမ်းပိုက်ရေး အမေရိကန်တပ်ဖွဲ့ဝင်မဟုတ်ကြောင်း အခိုင်အမာသိရှိသွားပြီးနောက် ထိုအုပ်စုက ဖမ်းဆီးပြီးသုံးရက်အကြာတွင် ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်သည်။

အီရတ် လက်နက်ကိုင်များ၏ ပြန်ပေးဆွဲမှု ပထမပစ်မှတ်မှာ အမေရိကန်နိုင်ငံသားများနှင့် အီရတ်နိုင်ငံသိမ်းပိုက်ရာ၌ပါသည့် တပ်ဖွဲ့ဝင်များ၏ နိုင်ငံသားများဖြစ်ကြောင်း၊ ဒုတိယပစ်မှတ်မှာ အီရတ်နိုင်ငံသိမ်းပိုက်ရေးကို ထောက်ခံသူများနှင့် တတိယပစ်မှတ်မှာ အီရတ်နိုင်ငံသိမ်းပိုက်ရေးတွင် ပါဝင်ပတ်သက်သူ သို့မဟုတ် ကူညီပံ့ပိုးခဲ့သူများပင် ဖြစ်ကြောင်း ဒူဘိုင်း အခြေစိုက် အယ်လ်အာရေဗျ ရုပ်မြင်သံကြားက ဖော်ပြပါစာအား ကိုးကား၍ ပြသသည်။

အယ်လ်မူဂျာဟေဒင်က အလက်စ်ဂျော်ဒန်နော့ဗ်၏နိုင်ငံသားဖြစ်မှု အခြေအနေကို အခိုင်အမာသိရှိပြီးနောက် လွှတ်ပေးခဲ့ကြောင်း၊ ၎င်းသည် အီရတ်နိုင်ငံသိမ်းပိုက်ရေး အမေရိကန်တပ်ဖွဲ့ဝင်အား ကိုယ်စားပြုသူမဟုတ်သလို အီရတ်နိုင်ငံ သိမ်းပိုက်ရေးတွင်လည်း ပါဝင်ပတ်သက်မှု မရှိခဲ့ဘဲ မွတ်စလင်ပညာရှင် အာဏာပိုင်များက ပြန်လွှတ်ပေးရန် မေတ္တာရပ်ခံမှုအားတုံ့ပြန်သည့်အနေဖြင့် လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ ပြင်သစ်နိုင်ငံသည် အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား တိုက်ခိုက်မှုကို ဆန့်ကျင်ခဲ့ပြီး အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ရင်ပေါင်တန်း တိုက်ခိုက်နေသည့် ပြင်သစ်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံတွင်မရှိပေ။ ဂျော်ဒန်နော့ဗ်မှာ ယခုအခါ ဘေးမသီရန်မခရှိနေကြောင်း ပြင်သစ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ ၁၆ ရက်က အီရတ်နိုင်ငံ ကူဖာမြို့အနီးတွင် ရှီးယိုက် ပြောက်ကျားများနှင့် တိုက်ပွဲဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်များ အသင့်နေရာယူနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ဖမ်းဆီးထားသည့် ကနေဒါနိုင်ငံသားတစ်ဦးကိုပြန်လွှတ်ပေး

နာဂျက်ဖ်(အီရတ်) ဧပြီ ၁၇

အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ်ဖမ်းဆီးထားသည့် ကနေဒါနိုင်ငံသားတစ်ဦးအား သောကြာနေ့တွင် လွှတ်ပေးလိုက်ပြီး ရှီးယိုက်ဘာသာရေးခေါင်းဆောင် အယ်လ်ဆားဒါး၏ရုံးခန်းသို့ လွှဲပြောင်းပေးအပ်လိုက်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဖမ်းဆီးခံရ

အဆိုပါရုံးခန်းရှိ ရိုက်တာသတင်းဌာနမှ သတင်းထောက်တစ်ဦးက ဖာဒီအီဆန်ဖေဒယ်အား တွေ့ဆုံစကားပြောကြားခဲ့သည်ဟု ထုတ်ဖော်ပြောကြားသည်။ ဖေဒယ်သည် ဆီးရီးယားနိုင်ငံဖွား ကနေဒါနိုင်ငံသားတစ်ဦးဖြစ်ပြီး လူလူချင်းစာနာထောက်ထားရေးဆိုင်ရာ အကူအညီပေး ဝန်ထမ်းတစ်ဦးအဖြစ် ဆောင်ရွက်နေသူဖြစ်ကာ ဧပြီ ၈ ရက်က ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရသည်။

ရိုက်နှက်

ပထမပိုင်းတွင် မိမိအား ဖမ်းထားသူများက ရိုက်နှက်ကြောင်း ပြီးနောက် နာရီအနည်းငယ်ခြားပြီး ကူညီမှုမရှိသည့် နေရာများသို့ ဆက်လက်ထိန်းသိမ်းခဲ့ကြောင်း ဖေဒယ်က ပြောကြားသည်။

ထုတ်လွှင့်ပြသ

ဖေဒယ်သည် ပါလက်စတိုင်းနိုင်ငံသား နာဘီဂျော့ဂျ်ရာဇူနှင့်အတူ ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးအား သူလျှိုများဟု ထင်မှတ်ကာ အန်ဆာအယ်လ်ဒင်အဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ၎င်းတို့ ပြောကြားနေပုံကိုအီရန် ရုပ်မြင်သံကြားဌာနက လွန်ခဲ့သည့် ရက်သတ္တပတ်က ထုတ်လွှင့်ပြသခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အဖမ်းခံထားရသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို အယ်ဂျာဇီရာ ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသ

ဒူဘိုင်း ဧပြီ ၁၇

လွန်ခဲ့သော သီတင်းပတ်အတွင်း ယာဉ်တန်းတစ်ခုကို တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာတွင် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးအား မျက်နှာဖုံးစွပ် သေနတ်သမားများက ဖမ်းဆီးထိန်းသိမ်းထားသည့် ဗီဒီယိုတိပ်ခွေကို အာရပ်ရုပ်မြင်သံကြား အစီအစဉ် အယ်ဂျာဇီရာက သောကြာနေ့တွင် ထုတ်လွှင့်ပြသခဲ့သည်။

၎င်းအား ဖမ်းဆီးထိန်းသိမ်းထားသည့် အမည်ထုတ်ဖော်ခြင်းမရှိသော ခုခံရေးအုပ်စုက ၎င်း၏ ကျန်းမာရေး အခြေအနေကောင်းမွန်ကြောင်း၊ ၎င်းကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက ဖမ်းဆီးထားသည့် အီရတ်အကျဉ်းသားများနှင့် ဖလှယ်ရန် မိမိတို့ဆန္ဒရှိကြောင်း ပြောကြားသည်။

ပြသ

အရည်အသွေးညံ့သော တိပ်ခွေကို စစ်ဝတ်စုံဝတ်ထားသော မျက်နှာဖြူ အမျိုးသား တပ်ကြပ်ကြီးတစ်ဦး ကြမ်းပြင်ပေါ်ထိုင်နေပြီး မျက်နှာဖုံးစွပ် သေနတ်သမားများက ၎င်းအား ထိုင်ခိုင်းထားပုံကို ပြသခဲ့သည်။

အဆိုပါ အမျိုးသားက မိမိသည် ကိတ်မက်သရူး မော်ဖင်ဖြစ်ကြောင်းနှင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်။

စာရင်းပျောက်

လွန်ခဲ့သော သီတင်းပတ်အတွင်း ဘဂ္ဂဒက်အနီး လောင်စာဆီယာဉ်တန်းတစ်ခုကို တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် စာရင်းပျောက်နေသော အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦးရှိနေသည်။ ယင်းတို့မှာ တပ်သား ကိတ်မော်ဖင်(၂၀နှစ်)နှင့် တပ်ကြပ် အယ်လ်မာကရာအူအီ (၄၀နှစ်)တို့ ဖြစ်သည်။

တောင်းဆို

ယခုလအတွင်း အီရတ်တွင် သတင်းစာဆရာများ၊ သာသနာပြုအဖွဲ့ဝင်များ၊ ပြန်လည်ထူထောင်ရေး ကူညီရေး အလုပ်သမားများ အပါအဝင် နိုင်ငံခြားသားအရေအတွက် ၄၀ ကျော်ခန့် ပြန်ပေးဆွဲခံထားရသည်။ ၎င်းတို့အား ထိန်းသိမ်းထားသူများက ဂျပန်၊ အီတလီနှင့် အခြားနိုင်ငံများအနေဖြင့် ၎င်းတို့၏ တပ်ဖွဲ့များ အီရတ်ကို သိမ်းပိုက်အုပ်ချုပ်ခြင်းမှ ရုပ်သိမ်းပေးရန် တောင်းဆိုထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ ၁၆ ရက်က အမေရိကန် တပ်ဖွဲ့ဝင် ကိတ်မော်ဖင်အား မျက်နှာဖုံးစွပ် သေနတ်သမားများက ဖမ်းဆီးထားသည်ကို အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနက ဤသို့ ထုတ်လွှင့်ပြသခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ဂျပန်အရပ်သားသုံးဦးလွတ်မြောက်မှု ဂျပန်နိုင်ငံက အားရဝမ်းသာကြိုဆို

တိုကျို ဧပြီ ၁၇

အီရတ်နိုင်ငံတွင် ဖမ်းဆီးခံရသည့် ဂျပန်အရပ်သားသုံးဦး ပြန်လည်လွတ်မြောက်လာမှုကို ဂျပန်နိုင်ငံက သောကြာနေ့တွင် အားရဝမ်းသာ ကြိုဆိုလိုက်သည်။ အီရတ်နိုင်ငံ၌ ဂျပန်နိုင်ငံ၏ စစ်ရေးအရ ပါဝင်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ အချေအတင်ဆွေးနွေးမှုများကို ဆက်လက်ဆွေးနွေးနေဆဲဖြစ်သည်။ ပြန်လည်လွတ်မြောက်လာသည့် ဂျပန်သုံးဦးဖြစ်သော အသက်(၁၈)နှစ်အရွယ် နိုရီအေကီဘီမိုင်၊ အသက် (၃၂) နှစ်အရွယ် သတင်းစာဆရာ ကိုရီယာမာနှင့် အသက်(၃၄)နှစ်အရွယ် အကူအညီပေးရေးဝန်ထမ်း နာဟိုကိုတာကာကိုတို့၏ ဓာတ်ပုံများကို ဂျပန်သတင်းစာများတွင် ဖော်ပြကြသည်။

ကြာသပတေးနေ့ မွန်းလွဲပိုင်းက ဘဂ္ဂဒက်ရှိ ဂျပန်သံရုံးသို့ ခေါ်ဆောင်လာခဲ့သည့် ဂျပန်အရပ်သားသုံးဦးသည် ဒူဘိုင်းမြို့သို့ ခရီးဆက်ကြမည်ဖြစ်ပြီး ဂျပန်နိုင်ငံသို့ စနေနေ့တွင် ပြန်လည်မထွက်ခွာမီ ဒူဘိုင်း၌ ကျန်းမာရေးစစ်ဆေးမှုများကို ခံယူကြမည်ဖြစ်သည်။

၎င်းတို့လွတ်မြောက်ရေးအတွက် ကူညီခဲ့သူ ဘာသာရေးခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံရာတွင် အဆိုပါဂျပန်သုံးဦးမှာ ပင်ပန်းနွမ်းနယ် နေပုံရသော်လည်း ကျန်းမာရေးကောင်းမွန်သည့်ပုံကို ရုပ်မြင်သံကြားသတင်း အစီအစဉ်တွင် မြင်တွေ့ရသည်။ အကူအညီပေးရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းရာ ဂျပန်အမျိုးသမီး တာကာကိုက ၎င်းအနေဖြင့် ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင်ရောက်ရှိနေသည့် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးစဉ်းစားနေ

မနီလာ ဧပြီ ၁၅

အီရတ်တွင်ရောက်ရှိနေသည့် ဖိလစ်ပိုင် တပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းရန် စဉ်းစားဆောင်ရွက်လျက်ရှိကြောင်း ဖိလစ်ပိုင်သမ္မတ အာရိုယိုက ပြောကြားလိုက်သည်။

အီရတ်နိုင်ငံအတွင်း လုံခြုံရေးအခြေအနေမှာ စိုးရိမ်ဖွယ်ရာဖြစ်နေပြီး တပ်ဖွဲ့ဝင်များ စေလွှတ်ချထားမှုအပေါ်တွင်လည်း သဘောမတူညီမှုများ ပိုမိုကျယ်ပြန့်လာသည့်အတွက်ဖြစ်ကြောင်း ၎င်း၏ ပြောကြားချက်တွင် ပါရှိပြီး အီရတ်နိုင်ငံ ရဲစခန်းများတွင် ဖိလစ်ပိုင်တပ်ဖွဲ့ဝင် ၅၀ ခန့် ရှိနေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။



အမေရိကန်နှင့် အီရတ်အကြား အီရန်က ကြားဝင်ဖျန်ဖြေမည်ဆိုမှု မဟုတ်မှန်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

တီဟီရန် ဧပြီ ၁၇

အီရတ်နိုင်ငံ အကျပ်အတည်းဖြေရှင်းရေးအတွက် အမေရိကန်ပြည်ထောင်စုနှင့် အီရတ်ပြည်သူလူထုအကြား ကြားဝင်ဖျန်ဖြေမည်ဟူသော ထင်မြင်ချက်များသည် အခြေအမြစ်မရှိသည့် ထင်မြင်ချက်များဖြစ်သည်ဟုဆိုကာ အီရန်နိုင်ငံခြားရေးဝန်ကြီး ကာမယ်ခါရာဇီက သောကြာနေ့တွင် ပယ်ချလိုက်ကြောင်းဖြင့် တရားဝင်အိုင်အာအင်အေသတင်းဌာနက ဖော်ပြသည်။

တစ်စုံတစ်ယောက်သောသူက အီရတ်ပြည်သူလူထုနှင့်အီရတ်နိုင်ငံကိုကျူးကျော်သိမ်းပိုက်ထားသူများကြားရှိ ပြဿနာကို မည်သို့မည်ပုံ ဖျန်ဖြေပေးနိုင်မည်နည်းဟု ခါရာဇီ၏ ပြောကြားချက်ကို အိုင်အာအင်အေသတင်းဌာနက ကိုးကားဖော်ပြသည်။

အမြန်ရုပ်သိမ်းရေး

အီရတ်ပြည်သူလူထု၏ တရားဝင်တောင်းဆိုချက်သည်ကျူးကျော်သိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ အမြန်ရုပ်သိမ်းရေးပင်ဖြစ်ကြောင်း၊ ထိုတပ်ဖွဲ့ဝင်များဘက်မှ အကောင်းဆုံးဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းမှာ အီရတ်ပြည်သူလူထုထံသို့ အာဏာအမြန်လွှဲပြောင်းပေးရေးပင်ဖြစ်ကြောင်း အိုင်အာအင်အေ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တိုက်တွန်း

အမေရိကန်ပြည်ထောင်စုက အီရတ်နိုင်ငံရှိ တင်းမာမှုအခြေအနေ လျော့ပါးသက်သာစေရန် ကူညီရေးအတွက် အီရန်အစိုးရအား တိုက်တွန်းခဲ့ကြောင်း၊ အီရန်နှင့် အမေရိကန်ပြည်ထောင်စုအကြား ဆွစ်ဇာလန်သံရုံးမှတစ်ဆင့် စာပေးစာယူ အဆက်အသွယ် ရှိခဲ့ကြောင်း၊ အီရန်နိုင်ငံသည် ၎င်းနိုင်ငံရှိ အမေရိကန်၏ အကျိုးစီးပွားများအား စောင့်ရှောက် လျက်ရှိကြောင်း၊ ထို့အပြင် အီရန်နိုင်ငံသည် အီရတ်နိုင်ငံ၏ အခြေအနေ တိုးတက်ကောင်းမွန်စေရန် မဆုတ်မနစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခါရာဇီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ယင်းနေ့တွင်ပင် အီရန်နိုင်ငံက အီရတ်နိုင်ငံတွင် လက်ရှိပေါ်ပေါက်နေသည့် အကျပ်အတည်းဖြေရှင်းရန်အတွက် နိုင်ငံခြားရေးဌာန ညွှန်ကြားရေးမှူးချုပ် ဆာဒီဘီ ဦးဆောင်သော အဖွဲ့ဝင်ငါးဦးပါ သံတမန်အဖွဲ့တစ်ဖွဲ့ကို ဘဂ္ဂဒက်သို့ စေလွှတ်ခဲ့သည်။

ယင်းကိုယ်စားလှယ်အဖွဲ့အား အီရန်နိုင်ငံ၏ ဦးဆောင်ဦးရွက်ပြုမှုဖြင့် စေလွှတ်ခြင်းဖြစ်ပြီး အချက်အလက်ရှာဖွေရေး မစ်ရှင်အဖွဲ့သာဖြစ်ကြောင်း ခါရာဇီက ထပ်လောင်း ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဧပြီ ၁၆ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အီရတ်ပြောက်ကျားများနှင့် တိုက်ခိုက်နေသည့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံ ဟိုင်ဖာမြို့တွင် ပေါက်ကွဲမှုများ အဆက်မပြတ်ဖြစ်ပွား

ကူဖာ(အီရတ်) ဧပြီ ၁၇

အီရတ်နိုင်ငံ ရှီးယိုက်လူမျိုးများ နေထိုင်သည့် ဘာသာရေးမြို့ ဟိုင်ဖာတွင် သောကြာနေ့က ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ ဒါဇင်ချီရှိသည့် အရပ်ဘက်လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် ဆင်ခြေဖုံးဒေသသို့ အပြေးအလွှားသွားရောက်ခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။ ယင်းဆင်ခြေဖုံးဒေသတွင် ပြည်ပတပ်ဖွဲ့ဝင်များနှင့် တိုက်ခိုက်နေသည့် သတင်းများ ပေါ်ထွက်လျက်ရှိသည်။

<u>ပုန်းအောင်းနေ</u>

ဘာသာရေးခေါင်းဆောင် အယ်လ်ဆာဒါး၏ မီဒီ အရပ်ဘက်လက်နက်ကိုင်တပ်ဖွဲ့ဝင်များဖြင့် ပြည့်ကျပ်နေသည့် အမိုးဖွင့် ကားငယ် လေးစီးထက်မနည်း ကူဖာမြို့သို့ ဦးတည်၍ သွားကြခြင်းဖြစ်သည်။ ကူဖာမြို့သည် နာဂျက်ဖ်မြို့နှင့် နီးကပ်လျက်ရှိနေပြီး ၎င်းမြို့တွင် ဘာသာရေးခေါင်းဆောင်များ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဘေးရန်မှ ရှောင်တိမ်းကာ ပုန်းအောင်းနေလျက်ရှိသည်။

အခြားလက်နက်ကိုင်တပ်ဖွဲ့ဝင်များက ရိုင်ဖယ်သေနတ်များနှင့် ဒုံးပစ်လောင်ချာများ ယူဆောင်ကာ ခြေကျင်ချီတက်ကြပြီးနောက် ဒါဇင်ချီရှိသည့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် ယူဖရေးတီး မြစ်ကူးတံတားမှဖြတ်ကာ မြို့တွင်းသို့ ဦးတည်ဆုတ်ခွာလာကြသည်။

အမေရိကန်မော်တော်ယာဉ်တန်းတစ်ခုအား စောစောပိုင်းက တိုက်ခိုက်မှုသည် အောင်မြင်ကြောင်း အဆိုပါလက်နက်ကိုင်အဖွဲ့ဝင်များက ပြောကြားသည်။ သို့ရာတွင် ယခုအခါ အီရတ်နိုင်ငံ သိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များက ပြန်လည်တိုက်ခိုက်နေကြကြောင်း ဆက်လက်ပြောကြားသည်။ အမေရိကန်စစ်ဘက်က ယင်းသတင်းနှင့် ပတ်သက်၍ ချက်ချင်း ဝေဖန်ပြောကြားမှု မရှိသေးပေ။

မိမိတို့က ချောင်းမြောင်းတိုက်ခိုက်ရန် စိုင်းပြင်းနေကြပြီး ၎င်းတို့အား တိုက်ခိုက်ကြကြောင်း၊ အမေရိကန်စစ်သုံးယာဉ် ဟမ်းဗီးကား နှစ်စီးထက်မနည်း မီးလောင်နေသည်ကိုမြင်ရပြီး သံချပ်ကာကားများကိုလည်း တိုက်ခိုက်ခဲ့ကြောင်း လက်နက်ကိုင်အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဖော်လူဂျာမြို့ကို တိုက်ခိုက်ရာတွင် ပါဝင်ရန် ငြင်းဆန်သည့် အီရတ်လက်နက်ကိုင် ၂၀၀ အား ကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထား

ဘဂ္ဂဒက် ဧပြီ ၁၇

ဆွန်နီအများစုနေထိုင်ရာ ဖော်လူဂျာမြို့တွင် အမေရိကန်က ထိုးစစ်ဆင်လျက်ရှိရာ ယင်းထိုးစစ်အတွင်း ပါဝင်တိုက်ခိုက်ရန် ငြင်းဆန်နေသည့် အီရတ်နိုင်ငံသား အရပ်သားလက်နက်ကိုင် ၂၀၀ ခန့်အား အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်းဖြင့် ၎င်းတို့၏ ရဲဘော်ရဲဘက်ဟောင်းများက သောကြာနေ့တွင် ပြောကြားလိုက်သည်။

ဝန်ခံပြောကြား

အမေရိကန်စစ်ဘက်က ယင်းလက်နက်ကိုင်များအား ဖမ်းဆီးမှုနှင့် စပ်လျဉ်း၍ အတည်ပြု ပြောကြားမှု မရှိပေ။ အမေရိကန် အထက်တန်းအရာရှိများက ယင်းကဲ့သို့သော ထူးခြားအရေးပါသည့် သတင်းကို ခပ်လျှို့လျှို့သာ ဖော်ပြခဲ့သည်။ အီရတ်တပ်ဖွဲ့ဝင်များအတွင်း ပုန်ကန်မှုရှိ၊ မရှိနှင့် ပတ်သက်၍ မေးမြန်းရာတွင် ၎င်းတို့က ဖော်လူဂျာထိုးစစ်အတွင်း အမိန့်ပေး စနစ် မှားယွင်းခဲ့ကြောင်း ဝန်ခံ ပြောကြားခဲ့သည်။

အမေရိကန်တပ်မှူးများက လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ၎င်းအရပ်သား လက်နက်ကိုင်များအား ညဘက်တွင် ဖော်လူဂျာမြို့သို့ ခေါ်ဆောင်သွားခဲ့ကြောင်း အမှတ်(၃၆) လုံခြုံရေးတပ်မဟာမှ တပ်ဖွဲ့ဝင်များက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

တိုက်ခိုက်ရန်ငြင်းဆို

အမေရိကန် တပ်မှူးများက ဖော်လူဂျာမြို့အား တိုက်ခိုက်ရန် ပြောကြားကြကြောင်း၊ အီရတ်နိုင်ငံသား တစ်ဦးက အခြားအီရတ်နိုင်ငံသားတစ်ဦးအား မည်သို့မည်ပုံ တိုက်ခိုက်ရမည်နည်း၊ ယင်းအဓိပ္ပာယ်မှာ ဆက်ဒမ်ဟူစိန်လက်ထက်က အခြေအနေနှင့် မည်သည့်ပြောင်းလဲမှုမှ မရှိသေးကြောင်း ဖော်ပြခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် အစုအပြုံလိုက် ဝင်ရောက်တိုက်ခိုက်ရန် ငြင်းဆိုကြောင်း အယ်လ်ရှာမာရိုင်က ပြောကြားသည်။

ထိန်းသိမ်းထား

မိမိတို့က တိုက်ခိုက်မှု မပြုရန် ငြင်းဆန်လိုက်ရာ မိမိတို့ တပ်ဖွဲ့ဝင်များ၏ တံဆိပ်များအား ဖြုတ်ခွာလိုက်ပြီး ဖော်လူဂျာမြို့ ဆင်ခြေဖုံးဒေသမှ အမေရိကန်အခြေစိုက်စခန်းရှိ ရွက်ဖျဉ်တဲများတွင် ထိန်းသိမ်းထားပြီး စားနပ်ရိက္ခာဝေစု ကန့်သတ်လိုက်ကာ တစ်နေ့လျှင် ထမင်းတစ်နပ်သာ ကျွေးခဲ့ကြောင်း ရှာမာရိုင်က ပြောကြားသည်။

မိမိ လွတ်မြောက်လာခဲ့ကြောင်း၊ သို့ရာတွင် မိမိ၏ ရဲဘော်ရဲဘက် ၂၀၀ ခန့် ယင်းစခန်းတွင် ရှိနေကြောင်း၊ ၎င်းတို့ လွတ်မြောက်ရေးအတွက် မိမိတောင်းဆိုကြောင်းဖြင့် ရှာမာရိုင်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဧပြီ ၁၆ ရက်က ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အဆောက်အအုံများ မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖော်လူဂျာတွင် ကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားများ တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွား

ဖော်လူဂျာ ဧပြီ ၁၇

အမေရိကန် တပ်ဖွဲ့ဝင်များနှင့် အီရတ်နိုင်ငံသား ပြောက်ကျားများသည် ဖော်လူဂျာမြို့တွင် ညပိုင်း၌ ပြင်းထန်သည့် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ အီရတ်နိုင်ငံသား ၁၅ ဦး သေဆုံးသွားကြောင်းဖြင့် မျက်မြင်တွေ့ရှိသူများနှင့် ဆေးဘက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။

အမေရိကန် စစ်လေယာဉ်များက ဖော်လူဂျာမြို့ရှိ ပစ်မှတ်များအား တိုက်ခိုက်ကြပြီး အမေရိကန်သံချပ်ကာကားတစ်စီးလည်း တိုက်ခိုက်မှုအတွင်း ပျက်စီးသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အီရတ်နိုင်ငံသား ၁၅ ဦးသေဆုံးပြီး အီရတ်နိုင်ငံသား ၂၀ ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း အထက်တန်း ဆေးဘက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် ဆရာဝန် အစ်ဆမ်မိုဟာမက်က ပြောကြားသည်။

ဆွန်နီမွတ်စလင်အများစု နေထိုင်ရာ ဖော်လူဂျာမြို့တွင် လွန်ခဲ့သည့်ရက်သတ္တပတ်က အမေရိကန်ပုဂ္ဂလိက လုံခြုံရေးအစောင့်လေးဦးအား သတ်ဖြတ်ပြီး ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းများ ဖြတ်တောက်ခဲ့မှု ဖြစ်ပွားပြီးသည့်နောက် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များက ဖော်လူဂျာမြို့တွင် ဧပြီ ၅ ရက်မှ စတင်ပြီး နှိပ်ကွပ်ရန် ထိုးစစ်ဆင်ခဲ့သည်။ ယင်းထိုးစစ်အတွင်း အီရတ်အရပ်သူ၊ အရပ်သားများ ရာချီ၍ သေဆုံးခဲ့ကြကြောင်း ဆေးရုံမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အမေရိကန်စစ်ဘက်က ဖော်လူဂျာမြို့တွင် စစ်ဆင်ရေး စတင်ရပ်ဆိုင်းခဲ့ကြောင်း လွန်ခဲ့သည့် သောကြာနေ့က ပြောကြားခဲ့သည်။ သို့ရာတွင် ၎င်းတို့ အတိုက်ခံရပါက ပြန်လည်တိုက်ခိုက်မည်ဟု ပြောကြားသည်။ ယာယီအတိုက်အခိုက်ရပ်စဲရေးအတွက် ဆွေးနွေးမှုများ ကြိမ်ဖန်များစွာ ပြုလုပ်လျက်ရှိရာ တိုက်ခိုက်မှုများ ယခု ရက်သတ္တပတ်အတွင်း လျော့ပါးလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ခရီးသွားလုပ်ငန်းနှင့် လေကြောင်းပို့ဆောင်ရေး

အောင်စည်ဟိန်း

ခရီးသွားလုပ်ငန်းဟုဆိုရာတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း (International Tourism)နှင့် ပြည်တွင်းခရီးသွားလုပ်ငန်း(Domestic Tourism)ကို ပေါင်းရုံးခေါ်ဆိုခြင်းဖြစ်ပါသည်။ ဤလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရှာဖွေရာ၌ အလွန်ထိရောက်သော လုပ်ငန်းဖြစ်၏။ မီးခိုးမထွက်သော စက်မှုလုပ်ငန်း (Smokeless Industry)ဟူ၍ တင်စားခေါ်ဆိုခြင်းလည်း ခံရ၏။ ယင်းလုပ်ငန်းကို အားပြုထားသော ပို့ဆောင်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ဖျော်ဖြေရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ ဘုရားဖူးလုပ်ငန်း၊ သမိုင်းနှင့် သုတေသနလုပ်ငန်း၊ အနုပညာလုပ်ငန်း၊ အပန်းဖြေဥယျာဉ်လုပ်ငန်း၊ အားကစားလုပ်ငန်း၊ ပြပွဲနှင့် ဈေးပွဲတော်လုပ်ငန်း၊ သံတမန်ရေးလုပ်ငန်း စသည်တို့မှာ ကျယ်ဝန်းလှသဖြင့် ကမ္ဘာ့အကြီးကျယ်ဆုံးလုပ်ငန်းဟု ဆိုရမည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်း၏ သမိုင်းကြောင်းသည်လည်း စိတ်ဝင်စားဖွယ်ကောင်း၏။ ရှေးခေတ်က မြေထဲပင်လယ်ဝန်းကျင်ဒေသမှ ကုန်းကြောင်း၊ ရေကြောင်း စွန့်စားသွားလာသူများ၏ အတွေ့အကြုံ ဗဟုသုတနှင့် မှတ်တမ်းများအရ၊ ပင်လယ်သမုဒ္ဒရာထဲက လှပသော ကျွန်းများ၊ ပင်လယ်ကမ်းခြေများ၊ ကုန်းတွင်း ရေကန်ကြီးများ၊ ရေခဲတောင်များ၊ ရှေးဟောင်းအနုပညာလက်ရာများ၊ ရတနာမြေများ၊ ဆန်းပြားစည်ကားသော မြို့ပြများ စသည်တို့သည် စိတ်ဝင်စားသူတို့အတွက် ဆွဲဆောင်ရာဖြစ်ခဲ့သည်။ ဤသို့ဖြင့် ၁၈၅၀ ပြည့်နှစ်မှ ပထမကမ္ဘာစစ်မတိုင်မီ ၁၉၁၄ ခုနှစ်အထိ အီဂျစ်၊ ဂရိ၊ ရောမ၊ ပြင်သစ်နှင့် ဆွစ်ဇာလန်တို့သည် ကမ္ဘာလှည့်ခရီးသွားများဖြင့် အထူးစည်ကားခဲ့သည်။ ထိုခေတ်က ဗီဇာလည်းမလို၊ ငွေကြေးစည်းကမ်း အတားအဆီးလည်း မရှိ၊ ကုန်စည်များအပေါ် ကန့်သတ်ချုပ်ချယ်မှုလည်းမရှိဟု သိရသည်။ ပထမကမ္ဘာစစ်အပြီး ၁၉၁၉ ခုနှစ်တွင် အီတလီ၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့က ခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံအဆင့်အဖွဲ့အစည်းများ စတင်ထူထောင်နိုင်ခဲ့ပြီး ၁၉၃၀ ပြည့်လွန်နှစ်များတွင်မှ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့စီးပွားဖြစ်လုပ်ငန်းကြီးအသွင်သို့ ကူးပြောင်းရောက်ရှိခဲ့ပါသည်။ ၁၉၃၈ ခုနှစ်သို့ ရောက်သည့်အခါ ကနေဒါ၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ ဩစတြီးယား၊ ဗြိတိန်၊ ချက်ကိုစလိုဗက်ကီးယား၊ ပိုလန်၊ အာဂျင်တီးနား၊ ဩစတြေးလျနှင့် တောင်အာဖရိက စသည့်ဒေသများပါ ကမ္ဘာလှည့်ခရီးသွားများအတွက် စိတ်ဝင်စားဖွယ်ဖြစ်ခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် နိုင်ငံအများအပြား အထူးသဖြင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသော နိုင်ငံများတွင် ခရီးသွားလုပ်ငန်းများ တိုးတက်ပျံ့နှံ့ခဲ့ကြောင်း တွေ့ရပါသည်။

ခရီးသွားလုပ်ငန်းသည် လုပ်ငန်းနယ်ပယ် ကျယ်ပြောရုံသာမက ငွေကြေးလှည့်ပတ်မှု ပမာဏမှာလည်း များပြားလှ၏။ ကမ္ဘာအရပ်ရပ် ခရီးသွားလုပ်ငန်းဝင်ငွေသည် ၁၉၆၀ ပြည့်နှစ်က အမေရိကန်ဒေါ်လာ ကိုးဘီလီယံခန့်ရှိခဲ့ရာက၊ ၁၉၇၀ ပြည့်နှစ်တွင် ၂၀ ဘီလီယံခန့်၊ ၁၉၈၀ ပြည့်နှစ်တွင် ၁၀၄ ဘီလီယံခန့်၊ ၁၉၉၀ ပြည့်နှစ်တွင် ၂၆၅ ဘီလီယံခန့်ရှိလာပြီး ၂၀၀၀ ပြည့်နှစ်တွင် ၄၇၇ ဘီလီယံအထိ မြင့်မားခဲ့သည်။ ယင်းငွေကြေးပမာဏသည် တစ်ကမ္ဘာလုံးလယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်မှုပမာဏနှင့် မတိမ်းမယိမ်းဖြစ်ပါသည်။ နှစ်ပေါင်းလေးဆယ်အတွင်း ကမ္ဘာ့ခရီးသွားလုပ်ငန်း ယခုကဲ့သို့ တစ်ဟုန်ထိုးတိုးတက်လာရသည့် အကြောင်းရင်းများအနက် လေယာဉ်ခသက်သာသော (Tourist Class) လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ကျယ်ပြန့်လာခြင်းသည် အဓိကကျကြောင်း သိရသည်။ နှစ်ဆယ်ရာစုနှောင်းပိုင်းတွင် ကမ္ဘာ့ခရီးသည်တင် လေကြောင်းလိုင်းအားလုံး၏ ၇၀ ရာခိုင်နှုန်းကို ချမ်းသာသောနိုင်ငံတစ်စုက ပိုင်ဆိုင်ထားပြီး ခရီးသွားလုပ်ငန်း ဝင်ငွေအားလုံး၏ ၈၀ ရာခိုင်နှုန်းကိုလည်း ယင်းနိုင်ငံတစ်စုကပင် ပိုင်ဆိုင်ခဲ့ပါသည်။

နှစ်ဆယ့်တစ်ရာစုအစတွင် အမေရိကန်ပြည်ထောင်စု၏ ဘိုးရင်း(Boeing) ကုမ္ပဏီနှင့် ဥရောပ၏ အဲယားဘတ်စ် (Airbus)ကုမ္ပဏီတို့က လေယာဉ်များ ခေတ်မီတိုးတက်ရေး လုပ်ငန်းစဉ်ကို ချမှတ်ခဲ့ကြောင်း တွေ့ရသည်။ ယင်းလုပ်ငန်းစဉ်အရ အနာဂတ်တွင် ပန်ကာတပ်စနစ်များနေရာတွင် ဂျက်အင်ဂျင်များဖြင့် အစားထိုးခြင်း၊ လက်ရှိဂျက်လေယာဉ်များထက် ၂၀ ရာခိုင်နှုန်း ပိုမြန်သောနှုန်းဖြင့် လမ်းခရီးတွင် ဆီဖြည့်ရန်မလိုဘဲ ခရီးဝေးတိုက်ရိုက်ပျံနိုင်သည့် ဂျက်လေယာဉ်များ ထုတ်လုပ်ခြင်း၊ လက်ရှိကမ္ဘာ့ဂျက်လေယာဉ်များ ပျံသန်းနေသည့်အမြင့်ထက် ပို၍မြင့်သော လမ်းကြောင်းသစ်မှ အန္တရာယ်ကင်းကင်းနှင့် ငြိမ့်ငြိမ့်ညောင်းညောင်း ပို့ဆောင်နိုင်အောင် စီမံခြင်းနှင့် ကမ္ဘာ့လေဆိပ်ကြီးများ အဆင့်မြှင့်ခြင်းကို ပြုလုပ်ကြမည်ဖြစ်ကြောင်း သိရပါသည်။ ပြင်သစ်၊ ဂျာမနီနှင့် ဗြိတိန်တို့က ၂၀၀၅ ခုနှစ်တွင် စမ်းသပ်ပျံသန်းမည့် 'အဲယားဘတ်စ်–အေ ၃၈၀ (Airbus A 380)' လေယာဉ်ကို နိုင်ငံအလိုက် ဟန်ချက်ညီညီ တာဝန်ခွဲဝေထုတ်လုပ်မည်ဖြစ်ရာ ခရီးသည် ၅၅၅ ဦးသယ်နိုင်ပြီး ကမ္ဘာ့ခေတ်မီ အကြီးဆုံးနှင့် ဆီစားအသက်သာဆုံး စူပါဂျက်လေယာဉ်ဖြစ်လာပါမည်။ ဂျပန်ကလည်း 'အမ်ဒီ–၁၁ (MD-11)'နှင့် 'ဒီစီ–၁၀(DC-10)' လေယာဉ်များကို ၂၀၀၆ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တို့တွင် မသုံးတော့ဘဲ 'ဘိုးရင်း–၇၆၇'၊ 'ဘိုးရင်း–၇၇၇' တို့ဖြင့် အစားထိုးသွားမည်ဟု သိရပါသည်။

မျက်မှောက်ခေတ်တွင် လေကြောင်းပို့ဆောင်ရေး စွမ်းပကားကြီးမားသည့် နိုင်ငံအချို့ကို ယခုလိုတွေ့ရသည်။ ၂၀၀၀–၂၀၀၁ ခုနှစ် စာရင်းဇယားများအရ တစ်နှစ်လျှင် ကမ္ဘာလှည့်ခရီးသည်အပါအဝင် ခရီးသည်အများဆုံး ဝင်ထွက်သည့် လေဆိပ်ကြီးများမှာ ဟီးသရိုးလေဆိပ်၊ ချားလ်(စ်)ဒီဂေါလေဆိပ်၊ ဖရန့်ဖွတ်လေဆိပ်နှင့် ဟောင်ကောင်လေဆိပ်တို့ဖြစ်ပြီး ဟီးသရိုးလေဆိပ်မှာ ခရီးသည် ၅၇ သန်းဖြင့် စံချိန်အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရသည်။ ကုန်တင်ကုန်ချ အများဆုံးဖြစ်သည့် လေဆိပ်ကြီးများမှာ ဟောင်ကောင်လေဆိပ်၊ နာရီတာလေဆိပ်နှင့် စင်ကာပူလေဆိပ်တို့ဖြစ်ပြီး ဟောင်ကောင်လေဆိပ်သည် ကုန်ချိန်မက်ထရစ်တန် (၁ ဒသမ ၉)သန်းဖြင့် စံချိန်အမြင့်ဆုံးဖြစ်ပါသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံသားများသည် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့ဖြင့် ကမ္ဘာအနှံ့ ခရီးထွက်လေ့ရှိသူများ၊ စွန့်စားဝံ့သူများ ဖြစ်လေ့ရှိကြသဖြင့် ကမ္ဘာကြီး၏အကြောင်းကို စောစောသိ၊ စောစောအမြင်ကျယ်ကြပြီး စစ်ရေးနှင့် စက်မှုလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့တွင် များစွာလက်ဦးမှုရရှိခဲ့ကြသည်။ ကမ္ဘာ့အမြင် ကမ္ဘာ့ဗဟုသုတအရာတွင် ခေတ်နောက်ကျကျန်ခဲ့သည့် နိုင်ငံအမြောက်အမြားသည် ဝါဒရေးအချုပ်အနှောင်ခံရ၊ ကျူးကျော်စော်ကားခံရ၊ ကျွန်ပြုခံရ၊ ကြွေးတင်ခံရ၊ စီးပွားရေးအရ ဝါးမျိုခံရ၊ စစ်ရေးဖြင့် ခြိမ်းခြောက်ခံရ စသည့် ခံရမှုပေါင်းများစွာဖြင့် နာလန်မထူနိုင်အောင် ဖြစ်ခဲ့ကြရသည်။ ခေတ်နောက်ကျနေမှုကို စောစောသိ၍ လမ်းမှန်ပေါ်သို့ စနစ်တကျ မြန်မြန်ထက်ထက် ကူးပြောင်းနိုင်သည့် ချီးကျူးဖွယ်နိုင်ငံများလည်း ရှိခဲ့သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်း၏ အကျိုးဆက်များသည် နိုင်ငံတစ်နိုင်ငံ၏ ကံကြမ္မာအဆိုးအကောင်းကို ဖန်တီးနိုင်စွမ်းရှိကြောင်း သင်ခန်းစာယူနိုင်ပေသည်။

ဤနေရာတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်နေသော အာရှနိုင်ငံအချို့၏ ၁၉၈၇ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ် တိုးတက်မှုနှိုင်းယှဉ်ဇယားကိုလည်း အောက်ပါအတိုင်း တွေ့ရှိနိုင်ပါသည်–

နိုင်ငံ	ကမ္ဘာလှည့်ခရီးသည် အဝင်(သန်း)		ဝင်ငွေအမေရိကန် ဒေါ်လာ(သန်း)	
	၁၉၈၇	၂၀၀၀	၁၉၈၇	၂၀၀၀
တရုတ်	၁၀ ဒသမ ၆၀	၃၁ ဒသမ ၂၂၉	၁၈၄၅	၁၆၂၃၁
ဟောင်ကောင်	၄ ဒသမ ၅၀၂	၁၃ ဒသမ ၀၅၉	–	၇၈၈၆
ထိုင်း	၃ ဒသမ ၄၈၃	၉ ဒသမ ၅၀၉	၁၉၄၇	၇၁၁၉
တောင်ကိုရီးယား	၁ ဒသမ ၈၇၅	၅ ဒသမ ၃၂၂	၂၂၉၉	၆၆၀၉
စင်ကာပူ	၃ ဒသမ ၃၇၃	၇ ဒသမ ၆၉၁	၂၂၁၆	၆၃၇၀
အင်ဒိုနီးရှား	၀ ဒသမ ၉၀၀	၅ ဒသမ ၀၆၄	၈၀၃	၅၀၄၆
ဂျပန်	၁ ဒသမ ၉၃၉	၄ ဒသမ ၇၅၇	၂၀၉၇	၃၃၇၄
အိန္ဒိယ	၁ ဒသမ ၄၈၄	၂ ဒသမ ၆၄၁	၁၄၅၅	၃၂၉၆
ဖိလစ်ပိုင်	၀ ဒသမ ၇၈၁	၂ ဒသမ ၁၇၁	၄၅၉	၂၅၃၄

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအခြေအနေကို လေ့လာပါက ၁၉၈၈ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၄၈၀၀၀ ကျော် ရောက်ရှိကြောင်း၊ ၁၉၉၂ ခုနှစ် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဖွဲ့စည်းခဲ့ပြီးနောက် ပုဂ္ဂလိကပိုင်းက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လုပ်ကိုင်ခွင့် ရရှိခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၉၃–၉၄ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု ၆၂၅၄၇ ဦးရှိခဲ့ရာမှ ၂၀၀၀–၂၀၀၁ ခုနှစ်တွင် ၂၁၁၁၉၁ ဦးအထိ တိုးတက်ခဲ့ကြောင်း တွေ့ရပါသည်။ မြန်မာနိုင်ငံအနေနှင့် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ရှေးဟောင်းသမိုင်းဝင်နေရာများ၊ ရေမြေသဘာဝနှင့် သယံဇာတ အလှအပများ၊ တိုင်းရင်းသားရိုးရာ ဓလေ့ယဉ်ကျေးမှုများနှင့် ဗုဒ္ဓသာသနာဆိုင်ရာ နက်နဲဆန်းကြယ်သိမ်မွေ့သော တရားရိပ်မြုံများရှိနှင့်ပြီးဖြစ်ရာ လေကြောင်းပို့ဆောင်ရေး တိုးတက်လာသည်နှင့်အမျှ မြန်မာ့ခရီးသွားလုပ်ငန်းလည်း ပို၍ပို၍ တိုးတက်ဖွံ့ဖြိုးလာမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းတွင် လေကြောင်းပို့ဆောင်ရေးသည် အဓိကကျသလို၊ ဆွဲဆောင်မှု (Attraction)ရှိခြင်း၊ သွားရေးလာရေး အချိတ်အဆက် လွယ်ကူချောမွေ့မှု (Accessibility)ရှိခြင်း၊ တည်းခိုနေထိုင်ရေး (Accommodation) အဆင်ပြေခြင်းနှင့် နယ်မြေအုပ်ချုပ်ရေး အေးချမ်းလုံခြုံမှု (Administration)ကောင်းမွန်ခြင်းတို့သည်လည်း အရေးကြီးသောအခြေခံများဖြစ်ကြောင်း၊ ယင်းအခြေခံကောင်းများပေါ်မူတည်ပြီး စွန့်စားသွားလာမှုခရီးစဉ် (Adventure Tourism)၊ ကျေးရွာဓလေ့ခရီးစဉ် (Village Tourism)၊ ကျေးလက်စိုက်ပျိုးမွေးမြူရေးခရီးစဉ် (Rural Tourism)၊ သဘာဝပတ်ဝန်းကျင်ခရီးစဉ် (Eco-tourism)၊ ယဉ်ကျေးမှုအခြေခံခရီးစဉ် (Cultural Tourism)နှင့် တောတွင်းတောင်ပေါ်ခရီးစဉ်(Trekking and Camping Tourism)စသည်တို့ ဘက်စုံဖွံ့ဖြိုးလာနိုင်ကြောင်း တွေ့ရပါသည်။

ခရီးသွားလုပ်ငန်းသည် အထက်တွင် တင်ပြခဲ့သလို နိုင်ငံအတွက် စီမံဆောင်ရွက်နိုင်လေ ကောင်းကျိုးတရားများ ပေးစွမ်းနိုင်လေဖြစ်ပါသည်။ တစ်ဖက်တွင်လည်း ရေမြေတောတောင် ကမ်းရိုးတန်း သဘာဝပတ်ဝန်းကျင် ထိခိုက်ဆုံးရှုံးမှုမခံရအောင် အဆင့်မြင့် အသိအတတ်ပညာဖြင့် ကာကွယ်စောင့်ရှောက်ဖို့လိုသလို သရုပ်ပျက်ဝတ်စားဆင်ယင်မှု၊ မူးယစ်သောက်စားပျော်ပါးမှု၊ ကူးစက်ရောဂါပြန့်ပွားမှု၊ ညစ်ညမ်းစာပေ ဗီဒီယိုအခွေ ပျံ့နှံ့မှု စသည်တို့၏ အန္တရာယ်မှ ကာကွယ်နိုင်အောင် နိုင်ငံသားတိုင်းက အသိပညာဗဟုသုတရှိရန်လည်း လိုအပ်ပါသည်။ ဆိုင်ရာဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များဘက်ကလည်း မလျော့မတင်းသော စည်းကမ်းထိန်းကျောင်းမှုများဖြင့် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက မြန်မာ့ခရီးသွားလုပ်ငန်းကြီး စည်းကမ်းရှိရှိ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

ဝန်ကြီး ဗိုလ်ချုပ်စောလွင် မွန်ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ဆွေးနွေးမှာကြား

ရန်ကုန် ဧပြီ ၁၈

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဇွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာလာရာ ညနေပိုင်းတွင် သထုံမြို့သို့ ရောက်ရှိပြီး ညအိပ်ရပ်နားသည်။

ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် ဧပြီ ၁၄ရက် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဘားအံ ရော်ဘာခြံသို့ ရောက်ရှိပြီး ရော်ဘာခြံအတွင်းရှိ ရော်ဘာပြား သိုလှောင်ရုံနှင့် အခြားအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဧပြီ ၁၅ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ပေါင်–ကျုံက ရော်ဘာခြံသို့ ရောက်ရှိလာရာ ရှေးဦးစွာ ရှင်းလင်းဆောင်တွင် ခြံမန်နေဂျာ ဦးကျော်နိုင်က ပေါင်–ကျုံက ရော်ဘာခြံ၏ တည်နေရာ၊ ရော်ဘာစိုက်ပျိုးမှု၊ ငွေကြေးအခြေအနေ၊ ရော်ဘာထုတ်လုပ်မှုနှင့် ဝန်ထမ်းအင်အား အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ပေါင်ရော်ဘာခြံသို့ သွားရောက်ပြီး မှိုင်းခံ ရော်ဘာပြားများ ထားရှိမှုကို လည်းကောင်း၊ ရော်ဘာပင်များ စိုက်ပျိုးထားရှိမှုနှင့် အစေးခြစ်မှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျုံကရော်ဘာခြံသို့ သွားရောက်ပြီး ရော်ဘာပင်များ စိုက်ပျိုးထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ခြံမန်နေဂျာ ဦးကျော်နိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ရော်ဘာထုတ်လုပ်မှုနှင့် ပတ်သက်သည့် စာရင်းဇယားများ စနစ်တကျ ထားရှိရေး၊ သိုလှောင်ရုံများ သန့်ရှင်းသပ်ရပ်ရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေး ကိစ္စများကို ဆွေးနွေးမှာကြားသည်။

ဆွေးနွေး

ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဧပြီ ၁၆ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ဘီးလင်း ရော်ဘာခြံသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်တွင် ခြံမန်နေဂျာ ဦးစောဝင်းမြင့်ထွန်းက ဘီးလင်းပင်မခြံ၊ ဇုတ်သုတ်ခြံခွဲနှင့် နှောင်ရိုးခြံခွဲတို့၏ တည်နေရာနှင့် ရော်ဘာထွက်ရှိမှုအခြေအနေ၊ ဝန်ထမ်းအင်အား၊ လွှဲပြောင်းလက်ခံရရှိသည့် အဆောက်အအုံများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် ဘီးလင်း ပင်မခြံတွင် ရော်ဘာအစေးခဲနှင့် ရော်ဘာပင်များ စိုက်ပျိုးထားရှိမှုများကိုလည်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရော်ဘာစေးများ အဆင်ပြေစွာ သယ်ယူရေး၊ ကုန်ချောများ စနစ်တကျ သိုလှောင်ထားရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။

စီမံဆောင်ရွက်

ဆက်လက်၍ ကျိုက်ထိုမြို့နယ်ရှိ မရမ်းကုန်း ရော်ဘာခြံသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်တွင် ခြံမန်နေဂျာ ဦးခင်ငွေက မရမ်းကုန်းခြံခွဲ၊ ခမိတ်ခြံခွဲ၊ ဘုရားလမ်းခြံခွဲနှင့် ကျူချောင်ခြံခွဲများ၏ တည်နေရာ၊ နောက်ခံသမိုင်း၊ ရော်ဘာထုတ်လုပ်မှု၊ နှစ်အလိုက် အမြတ်ငွေရရှိမှုနှင့် ဝန်ထမ်းအင်အား အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးသည် ရော်ဘာအစေးခဲနှင့် ရော်ဘာပြားကြိတ်စက်ရုံ၊ ရော်ဘာထုပ်ပိုးနှင့် ကုန်ချောသိုလှောင်ရုံများအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရေး၊ အလေအလွင့်မရှိအောင် ထိန်းသိမ်းရေး၊ အစေးခဲစက်ရုံနှင့် သိုလှောင်ရုံများ သပ်ရပ်သန့်ရှင်းအောင် စီမံဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉–၄–၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀	၇။ မျိုးချစ်တပ်မတော်
၄:၅၀	၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** Incidence of Taxation (စီးပွားရေး၊စီးပွားစီမံ၊ပြည်သူ့ရေးရာ)
၅:၃၀	၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅	၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၃၅	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅	၁၇။ မေးမြန်းစူးစမ်း
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဉာဏ်ကျယ်လေး" (အပိုင်း–၁၀)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း–၃၄)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ရကတ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မွေးနေ့အလှူတော်နှင့် ဂုဏပူဇာမင်္ဂလာ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D.)၏ မွေးနေ့အလှူတော်မင်္ဂလာ၊ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသဇ္ဇနာဘိဝံသအား အဘိဓဇမဟာရဋ္ဌဂုရု ဂုဏဝိသိဋ္ဌ ပူဇာမင်္ဂလာနှင့် ၁၃၆၅ ခုနှစ် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်ပန်းဆင်ခဲ့ကြသော အရှင်သူမြတ်များအား ဂုဏပူဇာမင်္ဂလာသဘင်ကို ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၆ ရက်၊ ဧပြီ ၂၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် သိရီမင်္ဂလာ အနန္တဂုဏ်ရည် ငါးထပ်ကျောင်းတော်ကြီး တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက် အရှေ့ဝါယာလက် (၂)လမ်း ရေကူး-ကမ္ဘာအေး ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်း

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂နာရီတွင် ကန်တော်ကြီးဥယျာဉ် Central Forest Zone, Water Plaza တည်ဆောက်ရေးလုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ကျင်းပရာ ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကို ဇုန် လေးဇုန်ခွဲ၍ တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအများစု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သော်လည်း အချို့လုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်လိုနေသေးကြောင်း၊ တည်ဆောက်ပြီးလုပ်ငန်းများ အချောသတ်ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းအားလုံး အချိန်စောပြီးသည်နှင့်အမျှ ပြည်သူများ နိုင်ငံတကာ အဆင့်မီ အပန်းဖြေဥယျာဉ်ကြီးတွင် စောစီးစွာ အပန်းဖြေ အနားယူလေ့လာနိုင်မှာဖြစ်သကဲ့သို့ ကမ္ဘာလှည့်ခရီးသွားများကိုပါ ဆွဲဆောင်မှုရှိမည့်လုပ်ငန်းကြီးဖြစ်သဖြင့် ဇုန်တာဝန်ခံများက မိမိတို့ဇုန်အလိုက် အဆင့်မြင့်တင် တည်ဆောက်ခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

စံချိန်စံညွှန်းမီရေး

အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေ ရရှိရေးအတွက် ကန်တော်ကြီးရေသိုလှောင်နိုင်မှု မြင့်တင်သိုလှောင်နိုင်ရေး၊ ကန်တော်ကြီးရေပြင်အတွင်းသို့ ရေဆိုးဝင်ရောက်မှု မရှိစေရေးအတွက် Waste Water Treatment စနစ်တကျ ပြုလုပ်ရေး၊ အရည်အသွေး စံချိန်စံညွှန်းမီစွာ ဆောင်ရွက်ရေးတို့ကို အလေးထားဆောင်ရွက်ရန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားသည်။

စံချိန်စံညွှန်းမီ

ထို့နောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ဆောင်ရွက်လျက်ရှိသည့် Relaxation Zone အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက Central Forest Zone အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က Education Zone အတွင်း စိုက်ပျိုးရေးဆိုင်ရာ ပညာပေးပြကွက် ကိုးခုနှင့် အရောင်းဆိုင်များ ဆောင်ရွက်ပြီးစီးမှု၊ ကန်တော်ကြီး ရေသန့်ရှင်းရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများ၊ ကန်တော်ကြီး၌ ရေပိုမိုသိုလှောင်ထားနိုင်ရေး စီမံဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ကန်တော်ကြီး ဥယျာဉ်အတွင်း အဆင့်မြင့် စားသောက်ဆိုင်များ တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်က ကန်တော်ကြီး ဥယျာဉ် ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အရည်အသွေးစံချိန်စံညွှန်းမီစွာ ဆောင်ရွက်နိုင်ရေးအတွက် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက Recreation Zone အတွင်း အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းသိမ်းက Education Zone အတွင်း Fresh Water Fish Garden တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ Wood Land Co., Ltd မှ အထွေထွေမန်နေဂျာ ဦးမြင့်သိန်းက ရေကူးကန် အဆင့်မြှင့်တင် တည်ဆောက်ခြင်းနှင့် Conference Hall တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အကြံပြုဆွေးနွေး

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ တာဝန်ရှိသူများအား ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံ အဆင့်မြင့်တည်ဆောက်ရေးအတွက် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးပြီး ကန်တော်ကြီးဥယျာဉ်အတွင်း လမ်းများ နိုင်လွန်ကတ္တရာ ၁၂ ပေအကျယ် ခင်းနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် Central Forest Zone အတွင်း အဝင်ပေါက်နှင့် Car Parking တည်ဆောက်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ Education Zone အတွင်း Fresh Water Fish Garden တည်ဆောက်ရေးလုပ်ငန်းခွင်၌ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ စိုက်ပျိုးရေးပြတိုက်နှင့် ရေကူးကန် အဆင့်မြှင့်တင် တည်ဆောက်နေမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ အရည်အသွေး စံချိန်စံညွှန်းမီဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။ (သတင်းစဉ်)

အဂ္ဂမဟာပဏ္ဍိတ ဂုဏပူဇာသဘင်ကျင်းပမည်

ရန်ကုန် ဧပြီ ၁၈

၂၀၀၄ခုနှစ် ဇန်နဝါရီ ၄ရက်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီလမ်း ရှစ်မိုင်ခွဲ ကန်ဦးဇေတဝန် စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒသာမိဘိဝံသ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ) အရှင်မြတ်အား တပည့်သံဃာနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က ဂုဏ်ပြုပူဇော်သည့် အဂ္ဂမဟာပဏ္ဍိတ ပူဇာသဘင်ကို ၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၇ရက်၊ ဧပြီ ၂၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဆင်ယင်ကျင်းပမည်ဖြစ်၍ လှူဒါန်းပူဇော်လိုသူများသည် အကျိုးဆောင်အဖွဲ့ ကန်ဦးဇေတဝန် စာသင်တိုက် ရှစ်မိုင်ခွဲ ရွှေနှင်းဆီလမ်း မရမ်းကုန်းမြို့နယ် ဖုန်း-၆၆၃၀၉၈သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

၂၀၀၄ခုနှစ် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၈

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဧပြီ ၁၇ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်၌ ကျင်းပသည့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ၂၀၀၄ခုနှစ် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ဆုချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရန်ကုန်ရွက်လှေအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ရွက်လှေအားကစားမောင်မယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်၏ ဆက်လက်ဆောင်ရွက်နေသည့် အစီအစဉ်များနှင့် ပတ်သက်၍ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းထွန်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က Optimist Open Class၊ Optimist Intermediate Classနှင့် Optimist Basic Class တို့တွင် ဆုရရှိကြသူများအား အောင်နိုင်ဆုများ ချီးမြှင့်သည်။

ထို့နောက် International 470/420 Class တွင် ဆုရရှိကြသူများအား စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းကလည်းကောင်း၊ Rater Class တွင် ဆုရရှိကြသူများအား အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လည်းကောင်း၊ Sharpie A Classတွင် ဆုရရှိကြသူများအား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းထွန်းကလည်းကောင်း၊ Sharpie B Class တွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမိုးမြင့်ကလည်းကောင်း၊ ၂၀၀၄ခုနှစ် နွေရာသီ ရွက်လှေသင်တန်းအပြီးတွင် ပြုလုပ်ခဲ့သော(လူသစ်တန်း) ပြိုင်ပွဲတွင် ဆုရရှိကြသူများအား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဟံစိန်က လည်းကောင်း အောင်နိုင်ဆုများ အသီးသီး ချီးမြှင့်ကြပြီး လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူကလေးများက "လသာရတနာ" တေးဂီတ အစီအစဉ်ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဝန်ကြီးက "လသာရတနာ" တေးဂီတအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ မြမာလာအဖွဲ့က ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ဝန်ကြီးက ရွက်လှေအားကစားမောင်မယ်များအား တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားသည်။

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်အနေဖြင့် ရွက်လှေအမျိုးအစား Class ခုနစ်မျိုးကို ပြိုင်ပွဲကျင်းပခဲ့ရာ ခြောက်မျိုးကို ရန်ကုန်ရွက်လှေအသင်း၌ မတ် ၁၈ရက်မှ ၂၃ ရက်အတွင်း ကျင်းပခဲ့ပြီး ကျန် International 470/420 Class အတွက်ပြိုင်ပွဲကို ချောင်းသာ ပင်လယ်ပြင် လေ့ကျင့်ရေးအစီအစဉ် ပြုလုပ်သည့် ချောင်းသာကမ်းခြေ၌ သင်္ကြန်မတိုင်မီ ဧပြီလဆန်းပိုင်းတွင် သြစတေးလျနိုင်ငံမှ နည်းပြများနှင့် လေ့ကျင့်ပြီး ပြိုင်ပွဲကျင်းပခဲ့သည်။ (သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

✪ ရှေ့ဖုံးမှ

အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဧရာဝတီ တိုင်းမှ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းဆောင်သစ် အလှူရှင်မိသားစုနှင့် ကျောင်း အကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မိဘ ဆရာအသင်းဝင်များ၊ ဆရာ၊ ဆရာမ များ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့နှင့် ရပ်မိရပ်ဖ များ၊ ကရင်ဒုံးယိမ်းအဖွဲ့နှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ကျောင်းကုန်းမြို့နယ် ညောင် သာယာကျေးရွာရှိ အခြေခံပညာမူလ တန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို နံနက်၉နာရီ

ကျပ်၁၀သိန်း၊ ကျောင်းသုံးဗလာ စာအုပ် ဒါဇင်၁၅၀နှင့် ခဲတံဒါဇင် ၅၀ တို့ကို မြို့နယ်ပညာရေးမှူး ဦးဝင်းမောင်အား ပေးအပ်သည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် စိုးနိုင်က ငွေကျပ် ငါးသိန်းကို လည်း ကောင်း၊ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက ကျောင်းသုံး ဗလာစာအုပ်များနှင့် သင်ထောက်ကူ တိပ်ခွေများကို လည်းကောင်း၊ ပုသိမ်ခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ငွေကျပ်သုံးသိန်းကို လည်းကောင်း၊ ဧရာဝတီတိုင်း တိုင်းပညာရေးမှူး

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာ၊ ဆရာမ များ၊ ကျောင်းသား ကျောင်းသူများ၊ အလှူရှင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အလှူရှင် ဂါးဒီးယန်းဦးစိန်ဝင်းက အဆိုပါကျောင်းဆောင်သစ်ကို ငွေ ကျပ် ၉၅သိန်း အကုန်အကျခံ ဆောက်လုပ် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး အလျားပေ၇၀၊အနံပေ၃၀ရှိ တစ်ထပ် ကွန်ကရစ် ကျောင်းဆောင်ဖြစ်သည်။ အလှူရှင်အနေဖြင့် ယခင်ကလည်း ကျောင်းကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်နှင့် မြင်းလမ်း ကုန်းကျေးရွာ အခြေခံပညာမူလတန်း ကျောင်း ကျောင်းဆောင်သစ်တို့ကို

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယို ပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကိုပေးအပ်စဉ်။ (သတင်းစဉ်)



၄၅မိနစ်တွင် အဆိုပါကျောင်းဆောင် သစ်ရှေ့၌ ကျင်းပရာ အစီအစဉ်အရ ဧရာဝတီတိုင်း အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက် တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုး မင်းနှင့် ကျောင်းဆောင်သစ်အလှူရှင် ဂါးဒီးယန်းဦးစိန်ဝင်းတို့က ကျောင်း ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးလိုက်ကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယ ပိုင်းအစီအစဉ်များကို ကျောင်းဆောင် သစ်အတွင်း၌ ဆက်လက် ကျင်းပရာ ကျောင်းဆောင်သစ် အလှူရှင် ဂါးဒီးယန်းဦးစိန်ဝင်းက ကျောင်း ဆောင်သစ်ဆောက်လုပ် လှူဒါန်းရ ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ သည်။

ထို့နောက် အလှူရှင် ဂါးဒီးယန်း ဦးစိန်ဝင်းက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများ ကို ဧရာဝတီတိုင်း တိုင်းပညာရေးမှူး ဦးမောင်မောင်ထံ လွှဲပြောင်းပေးအပ် သည်။

ပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ ပညာ ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ညောင်သာယာကျေးရွာ အခြေခံ ပညာ မူလတန်းကျောင်းအတွက် ငွေ

ဦးမောင်မောင်က ကက်ဆက်နှင့် အားကစားပစ္စည်းများကို လည်း ကောင်း ကျောင်းအကျိုးတော်ဆောင် အဖွဲ့မှတာဝန်ရှိသူများအား ပေးအပ် ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်

ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရှိ ရသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းကုန်းမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်

ဧရာဝတီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးလမ်းမကြီးများ၊ တံတားကြီးများ၊ ဆည်...
ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်...

လူမှုရေးအသင်းအဖွဲ့များမှ တာဝန် ရှိသူများနှင့်တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကြည်စန်းက ကျောင်းကုန်းမြို့နယ်၏ တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေ၊ စိုက်ပျိုး ရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာ ရေး၊စီးပွားရေး၊လူမှုရေး၊ ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက် များကိုရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း သက်ဆိုင် ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြ ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နှင့် အမှတ်(၂) အခြေခံပညာ အထက် တန်းကျောင်းများအတွက် ရုပ်မြင် သံကြားစက်တစ်လုံးစီ၊ ဗီဒီယိုပြစက် တစ်လုံးစီနှင့် ကွန်ပျူတာတစ်စုံစီ တို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီး များအား ပေးအပ်သည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ် စိုးနိုင်က ကွန်ပျူတာတစ်စုံကို လည်းကောင်း၊ ပုသိမ်ခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ရုပ်မြင်သံကြားစက်တစ်လုံးကို လည်း ကောင်း မြို့နယ်ပညာရေးမှူးအား ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုး ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းစီမံပေးပြီး အမှာစကား ပြောကြားရာတွင် ယနေ့ မိမိအနေဖြင့် ကျောင်းကုန်းမြို့နယ်သို့ တတိယ အကြိမ် ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ရောက်ရှိခဲ့သည့် အကြိမ်တိုင်းမှာ စေတနာရှင် ဂါးဒီးယန်းဦးစိန်ဝင်း၏ ကျောင်းကုန်းမြို့နယ်အတွင်း ပညာ ရေးကဏ္ဍနှင့်ပတ်သက်၍ ကူညီပံ့ပိုးမှု များအပေါ် အခြေခံ၍ ရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်း။

စီစဉ်ညှိနှိုင်း

ရောက်ရှိသည့် အကြိမ်တိုင်းမှာ လည်း ကျောင်းကုန်းမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များကို စီစဉ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ကြောင်း။

ယခုအကြိမ်တွင်လည်း မိမိအနေ ဖြင့် ကျောင်းကုန်းမြို့နယ်မှ တာဝန် ရှိသူများ၏ တင်ပြချက်များအရရော၊ မိမိကိုယ်တိုင် လေ့လာတွေ့ရှိချက် များအရပါ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ် ရေး၊ မြို့စည်ပင်သာယာရေး အပါ အဝင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေး ခဲ့ပြီးဖြစ်ကြောင်း။

ပုံမှန်တိုးတက်နေ

ကျောင်းကုန်းမြို့နယ်သည် ဒေသ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ပုံမှန် တိုးတက်နေသည်ကိုတွေ့ရရာ ပိုမို ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုး တိုးတက်စေရအောင် တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ အားလုံးက ဝီရိယစိုက်ထုတ်ပြီး စေတနာရှေ့ထား ကြိုးပမ်းဆောင်ရွက် ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဧရာ ဝတီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းမကြီးများ၊ တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ အပါ အဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံ များစွာကို အလုံးအရင်းဖြင့် တည်ဆောက်ပေး လျက်ရှိရာ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အတော်များများမှာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်သည် ကို တွေ့နိုင်ကြောင်း။

လမ်းမကြီးများနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းအတွင်း မြို့ကြီးများ

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အ... တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမ... ဂါးဒီးယန်းဦးစိန်ဝင်းတို့က ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ညောင်သာယာကျေးရွ... ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

အမှ...

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်... နှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး... အဖွဲ့များမှ တာဝန်ရှိသူများအား တွေ့...

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧရာဝတီတိုင်းကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ညောင်သာယာကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ငွေကျပ် ၁၀သိန်းနှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၅၀၊ ခဲတံ ဒါဇင် ၅၀တို့ကို မြို့နယ်ပညာရေးမှူး ဦးဝင်းမောင်သို့ ပေးအပ်စဉ်။ (သတင်းစဉ်)

တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ အပါအဝင် ...ိုင်ရာ အခြေခံအဆောက်အအုံများစွာ တည်ဆောက်ပေးနေ

မည်ဖြစ်ရာ မကြာမီကာလအတွင်း ဧရာဝတီတိုင်းအတွင်း နိုင်ငံတော်အစိုးရက တည်ဆောက်ပေးခဲ့သည့် တံတားကြီးပေါင်း ၄၁စင်းရှိလာတော့မည်ဖြစ်ရာ ဧရာဝတီတိုင်းသည် မိမိတို့ခေတ်ကာလအတွင်း တံတားကြီးများ အများဆုံးတည်ဆောက်ပေးခဲ့သည့်ဒေသတစ်ခုအဖြစ် ဂုဏ်ယူနိုင်ကြမည်ဖြစ်ကြောင်း။

ယခုအချိန်အခါတွင် ရန်ကုန်–ပုသိမ်လမ်းမကြီးကို နိုင်လွန်ကတ္တရာခင်းလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးလျက် ရှိနေရာ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်သည်နှင့်အမျှ ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုမှာလည်း ပိုမိုတိုးတက်ဖြစ်ထွန်းလာတော့မှာဖြစ်ကြောင်း။

အားစိုက်လုပ်ဆောင်

ယင်းသို့သော အခြေအနေတွင် ဒေသအတွင်းတာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာ အကြီးအကဲများက မိမိတို့ဒေသအတွင်း မြို့ချင်းဆက်သွယ်သည့်လမ်းများ၊ မြို့နှင့်ကျေးရွာဆက်သွယ်သည့် လမ်းများ၊ ကျေးရွာအချင်းချင်းဆက်သွယ်သည့်လမ်းများ တိုးတက်ကောင်းမွန်အောင် အားစိုက်လုပ်ဆောင်ကြရန်လိုကြောင်း။

လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်သည်နှင့်အမျှ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး၊ ရောင်းဝယ်ဖောက်ကားရေးစသည့် စီးပွားရေး

ပုံမှန်တိုးတက်နေ

ကျောင်းကုန်းမြို့နယ်သည် ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ပုံမှန်တိုးတက်နေသည်ကိုတွေ့ရရာ ပိုမိုဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်စေရအောင် တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက ဝီရိယစိုက်ထုတ်ပြီး စေတနာရှေ့ထား ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဧရာဝတီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းမကြီးများ၊ တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ အပါအဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံ များစွာကို အလုံးအရင်းဖြင့် တည်ဆောက်ပေးလျက်ရှိရာ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အတော်များများမှာ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်သည်ကို တွေ့နိုင်ကြောင်း။

လမ်းမကြီးများနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းအတွင်း မြို့ကြီးများ

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

...ချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် ...ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့်ကျောင်းဆောင်သစ်အလှူရှင် ...ဝတီတိုင်း ကျောင်းကုန်းမြို့နယ် ညောင်သာယာကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း ...းဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အားလုံးကို ကွန်ရက်သဖွယ်ဆက်စပ်မိစေအောင် ဖောက်လုပ်ပေးခဲ့ရာ ဧရာဝတီတိုင်းသည် မိမိတို့ ခေတ်ကာလတွင် လမ်းသစ်များဖောက်လုပ်ပေးမှု၌ လမ်းမိုင်အရှည်လျားဆုံး တိုးတက်ဖြစ်ထွန်းလာခဲ့သည့် ဒေသတစ်ခုပင်ဖြစ်ကြောင်း။

အလားတူပင် တံတားကြီးများကို ဧရာဝတီတိုင်း၏ မြောက်မြားလှစွာသော မြစ်များ၊ ချောင်းများကို ဖြတ်ကျော်လျက် လမ်းများဆက်စပ်မိအောင်တည်ဆောက်ပေးခဲ့သည် ဖြစ်ရာ မိမိတို့အစိုးရ ခေတ်ကာလအတွင်းဧရာဝတီတိုင်းတွင် ပေ ၁၈၀ အထက် မြစ်ကူးချောင်းကူးတံတားကြီးပေါင်း ၃၉စင်း တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။

တံတားအများဆုံး

လက်ရှိ တည်ဆောက်ဆဲတံတားကြီးနှစ်စင်းမှာလည်း ပြီးစီးတော့

တိုးတက်ဖြစ် ထွန်းစေရအောင် ဌာနဆိုင်ရာတာဝန်ရှိသူများက မှန်ကန်စွာ စည်းရုံးဦးဆောင်ရင်း လိုအပ်သည်များပံ့ပိုးကူညီပေးကြရန် မှာကြားလိုကြောင်း။

ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံ၏ စပါးကျီဖြစ်သည်နှင့်အညီ ဆန်စပါး အထွက်တိုးရေး အစီအမံများ၊ လယ်ယာမြေဖော်ထုတ်ရေး အစီအမံများကို စနစ်တကျစီမံဆောင်ရွက်ပေးခြင်း အားဖြင့် နိုင်ငံတော်၏ စပါးကျီဆိုသည့် ဂုဏ်ဒြပ်ကို ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းကြရန် လိုကြောင်း။

အထွက်တိုးရေး

နိုင်ငံတော်က ချမှတ်ပေးထားသည့် သီးနှံအလိုက် အထွက်တိုးရေး ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင်မြင်ရေးအတွက် စနစ်တကျ

စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လည်း မှာကြားလိုကြောင်း။

ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်း နိုင်ငံတော်အစိုးရက မြင့်မားသည့် ရည်မှန်းချက်များထားရှိပြီး ဦးစားပေးအလိုက် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေးနှင့် ပတ်သက်၍ မြို့နယ်အဆင့် ဆေးရုံတိုင်း ၂၅–ခုတင်ဆံ့ဆေးရုံဖြစ်ရေး၊ အချက်အချာကျသည့်ဒေသများတွင် တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ အဆင့်မြှင့်ဖွင့်လှစ်ပေးနိုင်ရေးတို့ကို ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

အဆင့်တိုးမြှင့်

အလားတူပင် ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ တွဲဖက်ကျောင်းများအားလုံးကို ပုံမှန်ကျောင်းများ၊ ကျောင်းခွဲများအဆင့်သို့ တိုးမြှင့်ပေးရန် စီမံဆောင်ရွက်လျက်ရှိသလို

ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ကျေးရွာများစုစည်းမှုနှင့် လူဦးရေ စုဖွဲ့နေထိုင်မှုအခြေအနေ၊ ကျောင်းသားများ တိုးပွားများပြားလာမှုအခြေအနေများကို တွက်ဆလျက် လိုအပ်သည့် နေရာဒေသများတွင် အခြေခံပညာကျောင်းများ အသစ်ဖွင့်လှစ်ပေးမှု၊ အဆင့်တိုးမြှင့်ပေးမှုများကို စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရက နိုင်ငံတော်၏ နယ်မြေဒေသများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စနစ်တကျအားပေးစီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေ အချိန်အခါကောင်းတွင် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ခံဌာနဆိုင်ရာအကြီးအကဲများ အားလုံးက မိမိမြို့နယ်မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မနားမနေ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း။

အခြေခံအကျဆုံး

ကျေးလက်ဒေသများသည် မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉–၄–၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ

၈:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈:၁၀ ၇။ အဆိုပြိုင်ပွဲ

၈:၂၀ ၈။ ကျောက်တစ်လုံးရေကူ ရေလှောင်တမံ

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Let's Go.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)

၅:၁၅ ၆။ အကပဒေသာ

၅:၃၀ ၇။ တေးဂီတအစီအစဉ်

၅:၄၅ ၈။ မြန်မာစာ မြန်မာစကား

၆:၀၀ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)

၆:၁၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ

၆:၂၀ ၁၁။ Discovery.

၆:၃၀ ၁၂။ ညနေခင်းသတင်း

၆:၄၅ ၁၃။ မိုးလေဝသအခြေအနေ

၆:၅၀ ၁၄။ ကချင်ပြည်နယ် မိုးကောင်းတံတား

၇:၀၀ ၁၅။ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်ဆိုသည်မှာ (အပိုင်း–၂၃)**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များချီးမြှင့်စဉ်။ (သတင်းစဉ်)

ယနေ့ နယ်စပ်ဒေသအားလုံး လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံများ မျှတစွာဖွံ့ဖြိုးတိုးတက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများကြား ဆက်သွယ်ဆက်ဆံမှုတိုးတက်ဖြစ်ထွန်း

☆ **မြန်မာ့ရိုးရာမှ**

ဇန်းမောက်ဒေသမှ ကဒူးတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် နန်းယွန်း၊ ပန်ဆောင်ဒေသမှ နာဂတိုင်းရင်းသားတိုင်းရင်းသူများအား ယနေ့ညပိုင်းတွင်ရန်ကုန်မြို့ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နယ်စပ်ဒေသများမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ည ၇နာရီတွင် ဂုဏ်ပြုညစာတည်ခင်းသည့် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်သို့ရောက်ရှိလာပြီး နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အမှာစကားပြောကြား

ဂုဏ်ပြုညစာစားပွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်မြို့၌လာရောက်ဆင်နွှဲခဲ့ကြသော မြန်မာနိုင်ငံ အရှေ့၊ အနောက်၊ တောင်၊ မြောက်တစ်နံတစ်လျားမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ မိမိတို့ဒေသများသို့မပြန်မီ မိသားစုများပြန်လည်မခွဲခွာမီ ဆုံစည်းကြသည့်သဘောဖြင့် ယနေ့ဂုဏ်ပြုညစာစားပွဲကို တည်ခင်းဧည့်ခံရခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူ၍ ဖြစ်လာမည့် နယ်မြေဒေသကြီးအတွင်း ရှေးပဝေသဏီနှစ်ပေါင်း သန်းချီသည့်ကာလကစတင်၍ မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမလူမျိုးစုများသည် ခေတ်အဆက်ဆက်တွင် မိမိတို့အသိုင်းအဝိုင်းအလိုက် ရေကြည်ရာမြက်နုရာ လှည့်လည်စုဖွဲ့ နေထိုင်လာခဲ့ကြသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်ကြောင်း။

သမိုင်းအထောက်အထား

မိမိတို့တိုင်းရင်းသားလူမျိုးစုများသည် အခြားသော ဝေးလံသည့် အရပ်ဒေသများမှ ပြောင်းရွှေ့ ဝင်ရောက်လာခဲ့ကြသည်မဟုတ်ဘဲ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ရှေးနှစ်သန်းပေါင်း၄၀ကျော်မှစတင်၍ လူသားမျိုးနွယ်အဆင့်ဆင့်ပေါက်ဖွားဖြစ်တည်လာခဲ့ပြီးကျောက်ခေတ်၊ ကြေးခေတ်ခေတ်အဆက်ဆက်ပြောင်းလဲဖြစ်တည်လာခဲ့ပြီး မြန်မာလူမျိုးများဟူ၍ ဖြစ်ပေါ်ပေါက်ဖွားလာခဲ့သည့် သမိုင်းအထောက်အထားများကို နိုင်ငံတကာ ပညာရှင်များက အသိအမှတ်ပြုထားခဲ့ပြီးလည်းဖြစ်ကြောင်း။

ကောင်းမြတ်သောအစဉ်အလာ

သို့ဖြစ်၍ သမိုင်းခေတ်အဆက်ဆက်တွင် မိမိတို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမသွေးချင်းများ တစ်စုတစ်စည်းတည်း ပေါင်းစည်းနေထိုင်ခဲ့ကြသည်မှာ သမိုင်းကပေးလာသည့် အလွန်ကောင်းမြတ်သော အစဉ်အလာပင်ဖြစ်ကြောင်း။

ယင်းအစဉ်အလာကောင်းများ ဖြစ်တည်လာခဲ့ရာ သမိုင်းခေတ်အဆက်ဆက်ပြောင်းလဲမှုတွင် မြို့ပြနိုင်ငံများ ထူထောင်လာခဲ့သည့် ခေတ်အဆက်ဆက်တွင် ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော် ဆိုသည့် အမျိုးသားနိုင်ငံတော်ကြီးများ ထူထောင်နိုင်ခဲ့ကြသည်အထိ တိုင်းရင်းသားသွေးချင်းသားရင်းများမှာ တစည်းတလုံးတည်း ပေါင်းစည်းချစ်ကြည်နေထိုင်ခဲ့ကြကြောင်း။

သွေးခွဲအုပ်ချုပ်

တတိယမြန်မာနိုင်ငံတော်ခေတ်တွင် ကိုလိုနီနယ်ချဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုခံခဲ့ရပြီးနောက်တွင်မှ ကိုလိုနီနယ်ချဲ့များက မြန်မာတိုင်းရင်းသားလူမျိုးစုများကို ဝေးလံသည့် မတူညီသောဒေသအသီးသီးက မြန်မာနိုင်ငံအတွင်း လာရောက်နေထိုင်ကြသည့် သူစိမ်းတစ်ရံဆံများ ဖြစ်သည်ဆိုသည့် သဘောထားအယူအဆများ သွတ်သွင်းလာခဲ့ပြီး တိုင်းရင်းသားတစ်မျိုးနှင့်တစ်မျိုး အဆက်အဆံမရှိစေရအောင် သွေးခွဲအုပ်ချုပ်ခဲ့ရာမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သံသယစိတ်ထားများ စတင်ဖြစ်ပေါ်လာခဲ့ရခြင်းဖြစ်ကြောင်း။

သို့ဖြစ်၍ အမြော်အမြင်ကြီးမားသည့် တိုင်းရင်းသားခေါင်းဆောင်ကြီးများက ပင်လုံမြေတွင်စုစည်းပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ တစ်သွေးတစ်သံတည်းသော စည်းလုံးညီညွတ်မှုအစဉ်အလာကောင်းကို ပြန်လည်ဖော်ထုတ် တည်ဆောက်ခဲ့ကြသဖြင့် မြန်မာ့လွတ်လပ်ရေးနှင့်အတူ ပြည်နယ်၊ တိုင်းများဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြီးလည်း သန္ဓေတည်ပေါက်ဖွားဖြစ်တည်လာခဲ့ရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ တပ်မတော်အစိုးရခေတ်ကာလတွင် တောင်ပေါ်မြေပြန့်၊ နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသကွဲပြားမှုများပပျောက်စေရအောင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ရင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း။

သို့ဖြစ်၍ ယနေ့ဆိုလျှင် နယ်စပ်ဒေသများအားလုံးတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံများ မျှတစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး တိုင်းရင်းသားသွေးချင်းသားရင်းညီအစ်ကိုမောင်နှမများအကြား ဆက်သွယ်ဆက်ဆံမှုများ တိုးပွားဖြစ်ထွန်းကာ တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုလည်း ပိုမိုတိုးတက်ခိုင်မြဲနေပြီဖြစ်သည်ကိုတွေ့နိုင်ကြောင်း။

ငြိမ်းချမ်းသာယာ

တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းပြီး နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်ထောင်စုကြီးအတွင်း ဥမကွဲသိုက်မပျက်ပေါင်းစည်းနေထိုင်ကြမည်ဆိုသည့် သဘောထားခံယူချက်များ ပိုမိုခိုင်မြဲလာခဲ့ပြီး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စာမျက်နှာ ၉ မှ

အကျဆုံးသော ဒေသများဖြစ်သည်နှင့်အညီ မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းပြီး ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစဉ်ကြီးငါးရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယင်းသဘောထားကို မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများက နားလည်သဘောပေါက်ပြီး မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသအထိဆင်းပြီး ကျေးလက်နေပြည်သူများ၏ အခြေအနေနှင့် လိုအပ်ချက်များကို အမြဲမပြတ် သုံးသပ်၍ တီထွင်ကြံဆဖြည့်ဆည်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

သို့ဖြစ်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများအားလုံးက ကျေးလက်ဒေသများမှအစပြု၍ မိမိတို့မြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သူ့တာကိုယ့်တာမခွဲခြားဘဲ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ထက်မြက်သည့် စွမ်းပကားကို မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိထိရောက်စွာ အသုံးပြုသွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အားပေးစကားပြောကြား

ထိုမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် ကျောင်းကုန်းမြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်လူနာဆောင်၊ ကလေးလူနာဆောင်၊ အမျိုးသားလူနာဆောင်၊ ခွဲစိတ်ခန်း၊ သွားခံတွင်းရောဂါကုဌာန၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လူနာများအား အားပေးစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျန်းမာရေးဝန်ထမ်းများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ကျောင်းဆောင်သစ် အလှူရှင် ဂါးဒီးယန်း ဦးစိန်ဝင်းက ကျောင်းကုန်းမြို့နယ် ညောင်သာယာကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ရောဝတီတိုင်း တိုင်းပညာရေးမှူး ဦးမောင်မောင်ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းပြီး နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်ထောင်စုကြီးအတွင်း ဥမကွဲသိုက်မပျက်ပေါင်းစည်းနေထိုင်ကြမည်ဆိုသည့်သဘောထားခံယူချက်များ ပိုမိုခိုင်မြဲ

❍ စာမျက်နှာ ၁၀ မှ

နယ်စပ်ဒေသများအားလုံး၌ ငြိမ်းချမ်းသာယာမှုများ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ဤကဲ့သို့ သမိုင်း၏ အခိုက်အတန့်တစ်ခုတွင် အနေဝေးခဲ့ရသည့် တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများအနေနီးပြီး ဆက်သွယ်ဆက်ဆံမှုများ တိုးတက်ဖြစ်ထွန်းနေသည့် အခြေအနေအချိန်အခါကောင်းတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပိုမိုနီးစပ် ဆက်ဆံမိစေရအောင်၊ ဒေသတစ်ခု၏ ယဉ်ကျေးမှုလေ့စရိုက်များကို အခြားဒေသတစ်ခုမှ ပိုမိုနားလည်ပြီး ချစ်ကြည်ရင်းနှီးမှုများ တိုးပွားစေရအောင် ယခုကဲ့သို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် အတူတကွ လက်တွဲဆင်နွှဲသည့် အစီအစဉ်များ စီစဉ်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း။

ခွဲခြားမရအောင်တူညီ

ရန်ကုန်မြို့သို့လာရောက်စဉ်က မိမိတို့တိုင်းရင်းသားမျိုးနွယ်အလိုက် ရိုးရာအဝတ်အစားများ ဆင်ယင်လာခဲ့ကြပြီးနောက် ရန်ကုန်မြို့တော်တွင် တူညီဝတ်စုံများ ဝတ်ဆင်လိုက်သည့်အခါ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးမှာ ရုပ်ရည်သွင်ပြင် ပုံသဏ္ဌာန် အရောင်အဆင်းများ ခွဲခြားမရအောင် တူညီကြသည်ကို တွေ့မြင်ကြရကြောင်း၊ ဝတ်စားဆင်ယင်မှုကွဲပြား၍သာ အသွင်သဏ္ဌာန်ကွဲပြားရသော်လည်း ပင်ကိုဥပဓိရုပ်များ ခွဲခြားမရအောင် တူညီကြသည်မှာ တစ်နေရာ တစ်ဒေသတည်းမှ ပေါက်ဖွားလာသည့် မိသားစုဝင်များဖြစ်သည်ဆိုသည့် သာဓကပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ဤကဲ့သို့ သမိုင်းနှင့်ချီ၍ ဖြစ်ထွန်းလာခဲ့သဖြင့် အစဉ်အလာကောင်းများနှင့်အညီ မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအတွင်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ရင်းနှီးချစ်ကြည်ပျော်ရွှင်စွာ မိသားစုအသွင်ဖြင့် နေထိုင်ခဲ့ကြသည်မှာ များစွာဝမ်းမြောက်ဖွယ်ပင်ဖြစ်ကြောင်း။

ထာဝရထိန်းသိမ်း

ယနေ့ ဆုံစည်းကြရသကဲ့သို့ နောင်တွင်လည်း အမြဲထာဝရ စည်းလုံးညီညွတ်စွာဆုံစည်းကြမည်ဟု ယုံကြည်မျှော်လင့်ထားကြရမှာဖြစ်သလို "ဘယ်သူခွဲခွဲ-ဒို့မကွဲ" ဆိုသည့် သဘောထားခံယူချက်ကိုလည်း အမြဲထာဝရထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုကြောင်း။

ယနေ့ဆုံစည်းကြရသည့် ညီအစ်ကို မောင်နှမများအားလုံး အဆက်အသွယ် အဆက်အဆံ မပြတ်စေဘဲ ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပျိုးထောင်သွားကြရန်လည်း မှာကြားလိုကြောင်း။

ထို့ကြောင့် ယနေ့ဂုဏ်ပြုနှုတ်ဆက် ညစာစားပွဲကို မောင်တို့မယ်တို့အတွက် အမှတ်တရဖြစ်စေရန်၊ နောင်တွင်လည်း ပြန်လည်ဆုံစည်းကြမည်ဆိုသည့် မျှော်လင့်ချက်၊ ယုံကြည်ချက်များ ဖြစ်ထွန်းလာစေရန် ဆိုသည့်ရည်ရွယ်ချက်များဖြင့် စီစဉ်ပေးခြင်းဖြစ်ကြောင်း။

ပြန်လည်သယ်ဆောင်

ယခုရရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမြတ်သော အစဉ်အလာများကို မိမိတို့ဒေသများသို့ ပြန်လည်သယ်ဆောင်သွားရင်း မိမိတို့သွေးချင်းသားရင်း တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်နှင့် "ဘယ်သူခွဲခွဲဒို့မကွဲ အမြဲစည်းလုံးမည်" ဆိုသည့်သဘောထားခံယူချက်များ တိုးပွားဖြစ်ထွန်းခိုင်မြဲစေရအောင် မောင်တို့မယ်တို့အားလုံးက ပြည်ထောင်စုကြီး၏ သံတမန်များအဖြစ်နှင့် ဆက်လက်စည်းရုံး ဆောင်ရွက်သွားကြရန်ပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်များချီးမြှင့်

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကချင်ပြည်နယ် ဆွမ်ပရာဘွမ်ဒေသမှ ဂျိန်းဖောတိုင်းရင်းသား တိုင်းရင်းသူ ၊ နောင်မွန်းဒေသမှ ရဝမ် တိုင်းရင်းသား တိုင်းရင်းသူ၊ ကယားပြည်နယ် မော်ချီးဒေသမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူ၊ မိုးဗြဲဒေသမှ ကယန်း တိုင်းရင်းသား တိုင်းရင်းသူနှင့် ကရင်ပြည်နယ် လှိုင်းဘွဲဒေသမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များချီးမြှင့်သည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ချင်းပြည်နယ် ထန်တလန်ဒေသမှ ချင်းတိုင်းရင်းသား တိုင်းရင်းသူ၊ စစ်ကိုင်းတိုင်း ပင်လယ်ဘူး၊ ဇန်းမောက်ဒေသမှ ကဒူးတိုင်းရင်းသား တိုင်းရင်းသူနှင့် မွန်ပြည်နယ် ရေးတောင်ခြမ်းဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှု အဖွဲ့ဝင်များအားလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က တနင်္သာရီတိုင်း ချောင်ချိဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူ၊ စစ်ကိုင်းတိုင်း နန်းယွန်း၊ ပန်ဆောင်ဒေသမှ နာဂတိုင်းရင်းသား တိုင်းရင်းသူနှင့် ရခိုင်ပြည်နယ် မောင်တောဒေသမှ သက်တိုင်းရင်းသား တိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့ဝင်များအားလည်းကောင်း ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးဒေသမှ ပအိုဝ်း တိုင်းရင်းသား တိုင်းရင်းသူနှင့် ကျိုင်းတောင်းဒေသမှ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ ဝင်များအားလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပါလျိုး၊ ကျိုင်းလပ်ဒေသမှ ယွန်း တိုင်းရင်းသား တိုင်းရင်းသူနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ပန်ဆန်းဒေသမှ "ဝ" တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအားလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံဒေသမှ အခါ တိုင်းရင်းသား တိုင်းရင်းသူနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသမှ ကိုးကန့် တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအားလည်းကောင်း ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များကိုယ်စား ကရင်ပြည်နယ် လှိုင်းဘွဲဒေသမှ ကရင်တိုင်းရင်းသူမနန့်အေးအေးမိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ဘဘဝန်ကြီးချုပ်၏ လမ်းညွှန်ဖိတ်ကြားချက်အရ ၂၀၀၄ ခုနှစ် ရန်ကုန်မြို့တော် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ဝင်ရောက် ဆင်နွှဲခွင့်ရမည်ဟု သိခဲ့ရသည့် အချိန်ကစပြီး အထူးဝမ်းသာ ပျော်ရွှင်ခဲ့ရပါကြောင်း၊ ရန်ကုန်မြို့ကို ရောက်ရှိလာသည့် အခါတွင်လည်း တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုခဲ့ကြပြီး နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ ကျန်းမာရေး၊ သွားရေးလာရေးကအစ အဘက်ဘက်က လိုလေသေးမရှိအောင် မိဘသဖွယ် ကူညီစောင့်ရှောက်ပေးခဲ့၍လည်း အံ့သြဝမ်းသာ ဖြစ်ခဲ့ရပါကြောင်း။

ရန်ကုန်မြို့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် အခြားသော တန်ခိုးကြီး ဘုရားများဖူးမြော်ခွင့်ရအောင် စီစဉ်ပေးခဲ့သည့်အတွက်လည်းကောင်း၊ ရန်ကုန်မြို့နှင့် ပတ်ဝန်းကျင်သွားရောက်လည်ပတ်လေ့လာခွင့်ရအောင် စီစဉ်ပေးခဲ့သည့်အတွက်လည်းကောင်း တာဝန်ရှိသူများ အားလုံးကို အထူးပင် ကျေးဇူးတင်မိပါကြောင်း။

သိမြင်လေ့လာခွင့်ရရှိ

ယခုကဲ့သို့ စီစဉ်ပေးခဲ့သည့်အတွက် သမီးတို့တစ်တွေသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် သိမြင်လေ့လာခွင့် ရရှိခဲ့ပါကြောင်း၊ သမီးတို့၏ နယ်စပ်ဒေသများသည် ယခင် ခေတ်အဆက်ဆက်က လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပြီး စီးပွားရေး ဖွံ့ဖြိုးမှုများ နောက်ကျကျန်ရစ်ကာ လူမှုဘဝ ပြည့်စုံမှုမရှိခြင်းနှင့် ခါးသီးစွာ ကြုံတွေ့ခဲ့ရပါကြောင်း။

ယခုအခါ နိုင်ငံတော်အစိုးရ၏ စေတနာကြောင့် နယ်စပ်ဒေသများသည် လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ ကောင်းမွန်လာပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ခေတ်မီဆက်သွယ်ရေး၊ စက်မှုလက်မှုကဏ္ဍ၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း စသည့် စီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါကြောင်း၊ ယနေ့ နယ်စပ်ဒေသများသည် မြို့ကြီးပြကြီးများနှင့် မခြား တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြပြီး နယ်စပ်ဒေသနေ တိုင်းရင်းသား တိုင်းရင်းသူ ညီအစ်ကိုမောင်နှမအားလုံးသည် ငြိမ်းချမ်းခြင်း၏ အသီးအပွင့် အခက်အလက်များကို မျှဝေခံစားနေကြရပြီဖြစ်ကြောင်း။

ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး ပေါင်းစည်းယှက်နွှယ်နေထိုင်ကြပြီး ခွဲခြား၍မရသည့် အခြေအနေတွင် တိုင်းရင်းသား လူမျိုးအချင်းချင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ရှိကြရန် လိုအပ်ကြောင်း အလေးအနက်ခံယူထားပါကြောင်း။

ဝမ်းသာပီတိ

မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်ကာလအတွင်း အကနည်းပြဆရာမကြီးများ သင်ကြားပေးသည့် မြန်မာ့ရိုးရာ သင်္ကြန်အကများဖြင့် ဝင့်ဝင့်ထည်ထည် ပါဝင်ဆင်နွှဲနိုင်ခဲ့သည့်အပြင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများကိုလည်း ထုတ်ဖော်ပြသခွင့်ရရှိခဲ့ကြခြင်းကြောင့် အထူးပင် ဝမ်းသာပီတိဖြစ်ကြရပါကြောင်း၊ မဟာသင်္ကြန်ပွဲတော်ကြီးကို အကြောင်းပြုပြီး ဝေးလံသည့် နယ်စပ်ဒေသ အသီးသီးက တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ လာရောက် ဆုံတွေ့ခွင့်ရရှိခဲ့ကြကြောင်း၊ အတူနေ၊ အတူစား၊ အတူသွား၊ အတူလာ၊ အတူကကြပြီး သူ့အကြောင်း၊ ကိုယ့်အကြောင်း၊ သူ့ဓလေ့၊ ကိုယ့်ဓလေ့ မေးကြ၊ မြန်းကြ၊ ပြောပြကြနှင့် မမောနိုင်အောင် ရှိကြရပါကြောင်း၊ ဤကဲ့သို့ ဒေသန္တရဗဟုသုတနှင့် ရင်းနှီးချစ်ခင်မှုများရရှိခဲ့ခြင်းသည် သမီးတို့အတွက်ရော နိုင်ငံတော်အတွက်ပါ တန်ဖိုးမဖြတ်နိုင်သည့် ရလဒ်တစ်ခုပင်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ လေ့လာတွေ့ရှိခဲ့ရသည့် အတွေ့အကြုံဗဟုသုတများကို အသုံးချပြီး ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြပါမည်ဟု တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ကိုယ်စား ခိုင်ခိုင်မာမာ ကတိပြုပြောကြားအပ်ပါကြောင်း။

အစွန့်ရှည်စေမည်

ယခုနှစ် မဟာသင်္ကြန်ပွဲတွင် အတူတကွ တွေ့ဆုံခင်မင်ရင်းနှီးခဲ့ကြရသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဒေသပြန်သွားကြ၍ ဘယ်လောက်ပင် အလှမ်းကွာဝေးပါစေ ခင်မင်ရင်းနှီးမှုသံယောဇဉ်ကြီးမားနေကြပြီမို့ တစ်ယောက်နှင့်တစ်ယောက် အမြဲဆက်သွယ်ပြီး ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်စေမှာဖြစ်ပါကြောင်း၊ နောင်လာမည့် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကာလများရောက်တိုင်း ယခုနှစ်သင်္ကြန်ပွဲတော်တွင် ပျော်ရွှင်ခဲ့ရသည်များကိုလည်း အမြဲပြန်လည်တမ်းတသတိရနေမှာအမှန်ပင်ဖြစ်ပါကြောင်း။

ပါဝင်ဆင်နွှဲခွင့်ရသည့် ၂၀၀၄ခုနှစ် ရန်ကုန်မြို့တော် မြန်မာ့ရိုးရာ မဟာသင်္ကြန်တွင် ရရှိခဲ့သည့် အတွေ့အကြုံဗဟုသုတများနှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များကို နယ်စပ်ဒေသအရောက် လက်ကမ်းသယ်ဆောင်သွားပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ပြန့်ပွားအောင် အစွမ်းကုန် ကြိုးပမ်းအားထုတ်သွားမှာဖြစ်ကြောင်းလည်း ထပ်လောင်းကတိပြု ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ မဟာသင်္ကြန်ခရီးစဉ်ကာလတွင် သားသမီးအရင်းများသဖွယ် သဘောထားပြီး လိုလေသေးမရှိ ကြည့်ရှုစောင့်ရှောက်မှုအတွက်လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အကပညာရပ်များ သင်ကြားပေးပြီး ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတွင် ဝင့်ဝင့်ထည်ထည်ပါဝင်ဆင်နွှဲခွင့်ရအောင် ဆောင်ရွက်ပေးမှုအတွက်လည်းကောင်း၊ ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးသည့်အတွက်လည်းကောင်း၊ ယခုကဲ့သို့ ခမ်းနားထည်ဝါသည့် ညစာစားပွဲတည်ခင်းစီစဉ်ပေးသည့်အတွက်လည်းကောင်း၊ ဘဘဗိုလ်ချုပ်ကြီးနှင့်အကြီးအကဲများ၊ တာဝန်ရှိသူများ၊ တိုင်းရင်းသားငြိမ်းချမ်းရေး အဖွဲ့အစည်းများနှင့် သမီးတို့အပေါ် လှိုက်လှိုက်လှဲလှဲ အားပေးခဲ့ကြသော မိဘပြည်သူများကို အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း နယ်စပ်ဒေသ ယဉ်ကျေးမှုအဖွဲ့ဝင်များအားလုံး၏ကိုယ်စား ဂါရဝထားပြောကြားအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဧည့်ခံဖျော်ဖြေ

ဆက်လက်၍ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား အနုပညာဦးစီးဌာနနှင့် ကရဝိက်နန်းတော်တို့မှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှုအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဧည့်သည်တော်များနှင့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

နွေရာသီတင်းနစ်သင်တန်း

မတ် ၂၅ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တင်းနစ်အားကစားကွင်း၌ နွေရာသီတင်းနစ်သင်တန်းကို မီနီ၊ အခြေခံ၊ အဆင့်မြင့် ခွဲခြားသတ်မှတ်၍ တင်းနစ်နည်းပြဆရာ ဦးတင်လှ ဦးဆောင်ပြီး အထက ဖီးလွှန်မှ ဦးခင်မောင်မြင့်၊ အထက နန့်ပေါင်မှ ဒေါ်မြင့်မြင့်ဦးတို့ ပူးပေါင်းကာ သင်တန်းကို ဖွင့်လှစ်ပြီးတွေ့ရစဉ်။ (က-ပ)

သာယာဝတီမြို့နယ် ဂုံမင်းမြောင်ကျေးရွာ ရွာလယ်လမ်း ကိုယ့်အားကိုယ်ကိုး ဂဝံလမ်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၈ရက် နံနက် ၉နာရီက ရွာထိပ်မင်္ဂလာမုခ်ဦး၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် အလှူရှင် ဦးသိန်းထိုက်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ပြန်/ဆက်)

✧ **ရန်ကုန်တိုင်းမှ**

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် နံနက်ဖြဲနာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ပန်တျာလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ရောက်ရှိပြီး ဈေးရောင်းဝယ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

လိုက်လံကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ မရမ်းကုန်းမြို့နယ် ကုန်းမြင့်သာရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ ကမ္ဘာအေး စေတီလမ်းရှိ နဝဒေး ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ ရန်ကင်းမြို့နယ် ကမ္ဘာအေး စေတီလမ်း အမှတ်(၂) စက်မှုဝန်ကြီးဌာနရုံးဘေးရှိ ရန်ကင်း ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတို့သို့သွားရောက်ပြီး ဈေးများအတွင်း ဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာများ၏ ဟင်းသီးဟင်းရွက်၊ သား၊ ငါး၊ ကြက်ဥ အရောင်းဆိုင်များ၊မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ငါးမွေးမြူရေးအထူးဇုန်မှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက် သား၊ ငါး၊ ကြက်ဥအရောင်းဆိုင်များ၊ ကိုယ်တိုင် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ ဟင်းသီးဟင်းရွက်နှင့် သား၊ ငါး အရောင်းဆိုင်များ၊ မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများ အသင်းနှင့် မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီစက်လုပ်ငန်းရှင်များအသင်းတို့၏ ဆန်နှင့်ဆီ အရောင်းဆိုင်များ၊ငွေပင်လယ်နှင့် မန်းမြန်မာရေလုပ်ငန်းကုမ္ပဏီလီမိတက်တို့၏ ပင်လယ်ငါးမျိုးစုံအရောင်းဆိုင်များနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များမှ ဈေးရောင်းချနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများတွင် ပြည်သူများလတ်ဆတ်သည့် ဟင်းသီး ဟင်းရွက်နှင့် သား၊ ငါးများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရန် ဈေးရောင်းချသူများက ဆိုင် အခွန်အခ ပေးစရာမလိုဘဲ ဦးရာလူစနစ်ဖြင့် ပိတ်ရက်မရှိရောင်းချနိုင်ရေး စီစဉ်ပေးထားကြောင်း၊ ဈေးများအတွင်း သန့်ရှင်းသပ်ရပ်စေရေးနှင့် ဈေးဆိုင်နေရာများ၊ လူသွားလမ်းများ၊ ရေနုတ်မြောင်းများ အစဉ်ကောင်းမွန်စေရေး တာဝန်ရှိသူအဆင့်ဆင့်က ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများ ဖွင့်လှစ်ရောင်းချရခြင်း၏ ရည်ရွယ်ချက်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

(သတင်းစဉ်)



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကင်းမြို့နယ် အခွန်လွတ်ဈေးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ကယားပြည်နယ် ရှားသစ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်လုပ်ငန်းများစစ်ဆေးမှာကြား

ရန်ကုန် ဧပြီ ၁၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁၂ရက်မွန်းလွဲပိုင်းက ကယားပြည်နယ် ရှားသစ်မြို့နယ်ရွှေကျောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးသည် ရှားသစ်မြို့ စတုမာလဓမ္မာရုံ၌ မြို့နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများအား တွေ့ဆုံရာ တိုင်းမှူးအား ရှားသစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ထွန်းက မြို့နယ်၏ဒေသဆိုင်ရာအချက်အလက်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်က ရှားသစ်မြို့တွင်းလမ်းများ ဖောက်လုပ်ထားရှိမှုနှင့် ရေပေးဝေမှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်း တင်ပြကြသည်။

ထို့နောက်တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကျယ်တဝင့်ရှင်းလင်းမှာကြားပြီး မြို့နယ်ခန်းမတည်ဆောက်ရန်နှင့် မြို့နယ်ဆေးရုံဆေး ပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းစီကိုပေးအပ်လှူဒါန်းရာတာဝန်ရှိသူများက လက်ခံယူကြသည်။

ပဒေသာပင်ပေးအပ်

ယင်းနောက် တိုင်းမှူးသည် ရှားသစ်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပတ္တမြားနဂါးကုမ္ပဏီက အဆိုပါကျောင်းသို့ ကွန်ပျူတာနှစ်လုံးနှင့် ပညာရေး ပဒေသာပင် ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ပေးအပ်လှူဒါန်း

အစီအစဉ်အရ ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးက ရှားသစ်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာနှစ်လုံး ပေးအပ်လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပတ္တမြား နဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ပေးပို့လှူဒါန်းသော ကွန်ပျူတာနှစ်လုံးအား ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးက ပေးအပ်လှူဒါန်းရာ ရှားသစ်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းတာဝန်ခံ ဒေါ်မြရင်က လက်ခံယူသည်။

ထို့နောက်ပညာရေး ပဒေသာပင်အတွက် တိုင်းမှူးက ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းတာဝန်ခံ ဒေါ်မြရင်က လက်ခံယူပြီး ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၁၆) ဖွဲ့နုဆီစက်နှင့် အမှတ်(၅၁၁) တန်တစ်ရာဆန်စက်တို့တွင် ဧပြီ ၄ ရက်က စက်ရုံသီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်မှု ဇာတ်တိုက် လေ့ကျင့် သရုပ်ပြသမှုနှင့် မီးသတ်ကားဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြသမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းစိုးနှင့် အဖွဲ့က ကြည့်ရှုစစ်ဆေးစဉ်။ (၃၆၄)

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၁၉-၄-၂၀၀၄ (တနင်္လာနေ့)
- ❑ Importance of Micro Business in Economic Development
  - ပထမနှစ် အိမ်တွင်းစီးပွား ကျောင်းသူ ကျောင်းသားများ
- ❑ Concepts of Equilibrium
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ
- ❑ Internal Structure and Organization
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ ကျောင်းသူ ကျောင်းသားများ
- ❑ Application of Demand and Supply
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ

၂၀-၄-၂၀၀၄ (အင်္ဂါနေ့)
- ❑ Double Entry and Book-keeping
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ ကျောင်းသူ ကျောင်းသားများ
- ❑ Historical Background of Myanmar Economy
  - ပထမနှစ် ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ
- ❑ Myanmar Economic Reforms (1989-1996)
  - ပထမနှစ် ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ

၂၁-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့)
- ❑ Micro Business
  - ပထမနှစ် အိမ်တွင်းစီးပွားကျောင်းသူ ကျောင်းသားများ
- ❑ Book-keeping Procedures and Cash-Book
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံ ကျောင်းသူ ကျောင်းသားများ
- ❑ Legal Form of Organization
  - ပထမနှစ် အိမ်တွင်းစီးပွား ကျောင်းသူ ကျောင်းသားများ

၂၂-၄-၂၀၀၄ (ကြာသပတေးနေ့)
- ❑ Measures of Dispersion
  - ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား ကျောင်းသူ ကျောင်းသားများ
- ❑ Total Debtors Account and Total Creditors
  - ဒုတိယနှစ် စီးပွားရေးကျောင်းသူ ကျောင်းသားများ
- ❑ Measures of Dispersion and Further of Descriptions
  - ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား ကျောင်းသူ ကျောင်းသားများ
- ❑ Natural Resource Development
  - ဒုတိယနှစ် ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ

၂၃-၄-၂၀၀၄ (သောကြာနေ့)
- ❑ Simple Linear Regression
  - ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ
- ❑ Correlation
  - ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ
- ❑ Structure of Markets
  - ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ
- ❑ Monopoly
  - ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ ကျောင်းသူ ကျောင်းသားများ

၂၄-၄-၂၀၀၄ (စနေနေ့)
- ❑ [illegible] ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၂၅-၄-၂၀၀၄ (တနင်္ဂနွေနေ့)
- ❑ [illegible] ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

တောင်ကြီး၊ ပုသိမ်၊ တောင်ငူ နှင့် လှိုင်ကော်မြို့တို့၌ မဟာသင်္ကြန်ပိတ်သိမ်းပွဲနှင့် ဆုပေးပွဲများကျင်းပ

ရန်ကုန် ဧပြီ ၁၈

ရှမ်းပြည်နယ် တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ရက် ညနေ ၅နာရီက တောင်ကြီးမြို့ မြို့မဈေးအနီး ဗဟိုမဏ္ဍပ်၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်နှင့် တိုင်းစစ်ဌာနမှ ဦးစီးအရာရှိကြီးများ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် သင်္ကြန်ယိမ်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ဆုရရှိသည့် မဟာသင်္ကြန်မဏ္ဍပ်များ၊ သင်္ကြန်ယိမ်းအဖွဲ့များအား တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဆုများပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ဆက်လက်၍ ရပ်ကွက်များနှင့် ဌာနဆိုင်ရာများမှ မဟာသင်္ကြန်ယိမ်းပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုရရှိကြသည့် ယိမ်းအဖွဲ့များအား တိုင်းမှူး၏ ဇနီးက ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုရရှိကြသည့် ယိမ်းအဖွဲ့များက အဆို၊ အကများဖြင့် ဖျော်ဖြေကြပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က တောင်ကြီးမြို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ပိတ်သိမ်းကြောင်း ကြေညာပေးကာ ယိမ်းအကအဖွဲ့များနှင့် တက်ရောက်လာကြသူများက မြန်နန္ဒာတေးသီချင်းကို သံပြိုင်သီဆိုကြပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပုသိမ်သင်္ကြန်

အလားတူ အနောက်တောင်တိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ရက် ည ၇နာရီက ပုသိမ်မြို့ တိုင်းစစ်ဌာနချုပ် အဝင်လမ်းမရှိ သင်္ကြန်မဏ္ဍပ်၌ကျင်းပရာ အစီအစဉ်အရ ရှေးဦးစွာ သင်္ကြန်ပွဲတော်၌ ယှဉ်ပြိုင်ခဲ့ကြသော ယိမ်းအဖွဲ့များမှ အကောင်းဆုံးယိမ်းအဖွဲ့ သုံးဖွဲ့က အလှည့်ကျဖျော်ဖြေကြသည်။

ယင်းနောက် ဆုရရှိကြသည့် အဖွဲ့များအား တိုင်းမှူး ဗိုလ်ချုပ် စိုးနိုင်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေက မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ပိတ်သိမ်းကြောင်း ကြေညာပြီး ယိမ်းအဖွဲ့များနှင့် တက်ရောက်လာကြသူများက မြန်နန္ဒာသီချင်းကို စုပေါင်းသီဆိုဖျော်ဖြေ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ပဲခူးတိုင်း မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်သိမ်းပွဲအခမ်းအနားကို ဧပြီ ၁၆ရက် ညနေ ၅နာရီခွဲက တောင်ငူမြို့ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်ပြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ယိမ်းအကပြိုင်ပွဲတွင် ဆုရရှိသည့် ယိမ်းအဖွဲ့များအား ဆုများ ချီးမြှင့်ပြီးနောက် ဆုရရှိသည့် ယိမ်းအဖွဲ့များက ယိမ်းအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ပဲခူးတိုင်း မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား ပိတ်သိမ်းကြောင်း ကြေညာ၍ ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းကို စုပေါင်းသီဆိုကပြဖျော်ဖြေကြပြီး အတာရေများ ပက်ဖျန်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမတွင်ကျင်းပသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ ဆုရရှိသည့် ယိမ်းအဖွဲ့များအား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသည့် ယိမ်းအဖွဲ့များက ဧည့်ခံဖျော်ဖြေ၍ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၏ မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဧပြီ ၁၇ရက် နံနက် ၈နာရီတွင် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပသည့် တိုင်းစစ်ဌာနချုပ် သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဘိုး၊ အဘွားများအား ရှိခိုး၍ ကန်တော့ခံ အဘိုး၊ အဘွား ၃၃ဦးတို့အား အလှူငွေများနှင့် လှူဖွယ်ပစ္စည်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ကန်တော့ခံ အဘိုး၊ အဘွားများကိုယ်စား အဘိုးတစ်ဦးက သြဝါဒဆုပေးစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှိုင်ကော်သင်္ကြန်

အလားတူ ကယားပြည်နယ်၏ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၁၆ရက် ညနေ ၅နာရီက လှိုင်ကော်မြို့ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦး တက်ရောက်ပြီး နှစ်သစ်အကြိုနှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်္ကြန်ယိမ်းနှင့် အကပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိသည့်အဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဧပြီ၁၇ရက် နံနက်ပိုင်းတွင် ပြည်နယ်ဥက္ကဋ္ဌသည် လှိုင်ကော်မြို့ နောင်ယားကန်တွင်ကျင်းပသည့် ကယားပြည်နယ်ရှိ ဌာနဆိုင်ရာများ၏ ဓိဝိတဒါန စုပေါင်းငါးလွှတ်ပွဲသို့ တက်ရောက်၍ စုစုပေါင်း ငါးကောင်ရေ ၁၅၀၀၀ကို ဓိဝိတဒါန လွှတ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဥက္ကဋ္ဌသည် လှိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် ကယားပြည်နယ် စတုတ္ထအကြိမ် သက်ကြီးပူဇော်ပွဲသို့ တက်ရောက်ပြီး သက်ကြီးအဘိုး၊အဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြရာ အဘိုး၊ အဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းမေတ္တာပို့ ဆုံးမစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် ဝန်ထမ်းများ ဧပြီ ၅ရက်က မြို့ကွက်သစ်၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းစဉ်။

(က-ပ)

ကျေးရွာစက်ရေတွင်းဖွင့်

မတ် ၂၀ရက်က တောင်သာမြို့နယ် ရုံးစဉ်လေးကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တူးဖော်ပြီးစီးသွားသော စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသန်းဆွေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (၉၃)

စက်သုံးဆီအရောင်းဆိုင် မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

သာစည် ဧပြီ ၁၈

သာစည်မြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၃၄၇)တွင် ပြည်သူပိုင်ပစ္စည်းများ မီးဘေးလုံခြုံမှုရှိရေး၊ ကြိုတင်ကာကွယ်နိုင်မှုရှိရေးနှင့် မီးလောင်မှုဖြစ်ပွားက မီးသတ်ဆေးဘူးဖြင့် အရေးပေါ်ငြိမ်းသတ်နိုင်မှုရှိရေးတို့အတွက် ဇာတ်တိုက်လေ့ကျင့်မှုကို မတ် ၁၈ရက်က အဆိုပါစက်သုံးဆီအရောင်းဆိုင်၌ ကျင်းပရာ ဆိုင်မန်နေဂျာဦးဆောင်းနှင့် ဝန်ထမ်းများအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇင်ထွန်းက မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်တို့နှင့် မီးသတ်ဆေးဘူးဖြင့် အရေးပေါ် မီးငြိမ်းသတ်နည်းတို့ကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)** (၄၂၅)

အရက်ကြောင့်ဖြစ်သည့်ရောဂါ များ

အရက်ကို လွန်ကျူးစွာနှင့် စွဲလမ်းစွာ သောက်သုံးခြင်းကြောင့်ဖြစ်ပွားတတ်သော ရောဂါများမှာ-

- အသည်းရောင်ခြင်း၊
- အသည်းခြောက်ခြင်း၊
- သွေးအန်ခြင်း၊
- အစာအိမ်ရောဂါဖြစ်ခြင်း၊
- နှလုံးရောဂါဖြစ်နိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောထိခိုက်ခြင်း၊
- စိတ်ရောဂါများဖြစ်ခြင်းစသည်တို့ဖြစ်ပါသည်။

အရက်ကြောင့်ဖြစ်တတ်သော စိတ်ရောဂါများမှာ-

၁။ ကယောင်ကတမ်းဖြစ်ခြင်း (Delirium Tremers)၊ ကြောက်လန့်ခြင်း၊ အချိန်၊ နာရီ၊ နေရာ၊ လူခန့်မှန်း နိုင်စွမ်းမရှိခြင်း၊ ကြောက်စရာ လန့်စရာများမြင်ရခြင်း၊ အသံဗလံများကြားရခြင်း၊ ပိုးမွှားများ ခန္ဓာကိုယ်ပေါ် ရွစိရွစိသွားသလို ခံစားရခြင်း၊ လက်တုန်ရောဂါဖြစ်တတ်ခြင်း။

၂။ အရက် အလွန်အကျွံသောက်သည့်အခါတွင် လူမရှိဘဲ နားထဲတွင် ခေါ်သံများ၊ ခြိမ်းခြောက်သံများ၊ စော်ကားမော်ကားသံများ ကြားနေရတတ်ခြင်း (Alcoholic Hallucinosis)။

၃။ အတက်ကြီးရောဂါဖြစ်ခြင်း (Rum Fits) (ဝက်ရူးပြန်ရောဂါကဲ့သို့တက်ခြင်း)။

၄။ စိတ်ဓာတ်ကျရောဂါဖြစ်တတ်ခြင်း (Depressive Illness)။

၅။ စိတ်ဖောက်ပြန်ခြင်း (Alcoholic Psychosis)။

၆။ ဦးနှောက်ချို့ယွင်းခြင်း။

၇။ အရက်နှင့်မတည့်သောသူများသည် အရက်အနည်းငယ်သောက်ရုံဖြင့် ရုတ်တရက် စိတ်ဖောက်ပြန်တတ်ခြင်း (Pathological Drunkenness)။

၈။ မိမိ၏ဇနီးကို အထင်အမြင်လွဲမှားခြင်းများ ဖြစ်တတ်ခြင်း (Morbid Jealousy)။

၉။ အရက်ကြောင့် ရာဇဝတ်မှုကျူးလွန်သည်အထိ ဖြစ်နိုင်ခြင်း။

အထက်ပါဆိုးကျိုးများကို မခံစားရစေရန် အရက်သောက်သုံးခြင်း၊ အထူးသဖြင့် အလွန်အကျွံသောက်သုံးခြင်း၊ အရက်ကို စွဲလန်းစွာ သောက်သုံးခြင်းတို့မှ ရှောင်ကြဉ်ရန် တိုက်တွန်းအပ်ပါသည်။ အရက်စွဲရောဂါဖြစ်ပွားပါက စိတ်ကျန်းမာရေးဆေးရုံနှင့် ကုသရေးဌာနများတွင် စနစ်တကျ ကုသမှုခံယူရန် အသိပေးနှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက် (၂)

ဆေးရုံသို့ အမြန်ပြသပါ။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊သတိ လစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန။**

ဧပြီလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

ရန်ကုန် ဧပြီ ၁၈

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုးအခြေအနေ

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် သုံးရက်မှလေးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ဖြစ်မြဲထက် သိသိသာသာပိုပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖြစ်မြဲထက် အနည်းငယ်ပိုနိုင်သည်။

မြစ်ရေအခြေအနေ

၂၀၀၄ ခုနှစ် ဧပြီလ တတိယ ၁၀ ရက်ပတ်အတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် လက်ရှိရေမှတ်များအောက် ငါးပေခန့်ကျဆင်းနိုင်ပြီး မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် လက်ရှိရေမှတ်များထက် သုံးပေခန့်၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် လက်ရှိရေမှတ်များထက် ခြောက်ပေခန့် မြင့်တက်နိုင်သည်။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် လက်ရှိရေမှတ်များအောက် လေးပေခန့်ကျဆင်းနိုင်ပြီး မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် လက်ရှိရေမှတ်များထက် နှစ်ပေခန့်မြင့်တက်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒဌာနမှ ထုတ်ပြန်သည်။

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ခရီးသည်တင်ယာဉ်(ဘတ်စ်ကား)များအား ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့သဖြင့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ လျော့နည်းကျဆင်းသွားသည်ကိုတွေ့ရှိရပါသည်။ ယခုအခါတွင် ဌာနဆိုင်ရာယာဉ်နှင့် TAXI အငှားယာဉ်များမှာလည်း ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်ယာဉ်များမှာမူ ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာမှု မရှိသေးကြောင်း တွေ့ရှိ ရပါသဖြင့် ယာဉ်တိုက်မှုမဖြစ်အောင် ထိန်းသိမ်းမောင်းနှင်ကြရန်နှင့် ယာဉ်တိုက်မှုဖြစ်ပွားပါက ပြစ်ဒဏ်သတ်မှတ်ချက်များအား မည်သည့်နည်းနှင့်မျှ ကင်းလွတ်ခွင့်ပြုမည်မဟုတ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်ရွတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၈

မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်ရွတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ပြင်ဦးလွင်မြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန အားကစားခန်းမ၌ ဧပြီ ၁၇ရက်မွန်းလွဲ ၂နာရီတွင် ကျင်းပရာ ပြင်ဦးလွင်မြို့နယ်မှ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး ရဲမှူးချုပ် ခင်မောင်နှင့် ရဲအရာရှိများ၊ မိသားစုများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူတို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ သင်တန်းသားများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ မီးသတ်သင်တန်းကျောင်းနှင့် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာ၊ ပေပင်ကျေးရွာတို့မှ အသက် (၈၀)နှစ်အထက် အဘိုး၊ အဘွား ၂၆ဦးတို့အား ကန်တော့ပစ္စည်းများဖြင့် ဂါရဝပြု ပူဇော်ကန်တော့ကြသည်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။



အာရှတံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲ မြန်မာအဖွဲ့ ယှဉ်ပြိုင်ရန် ထွက်ခွာ

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည့် ၂၀၀၄ခုနှစ် အာရှတံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ထွက်ခွာသွားသော မြန်မာကြက်တောင် အားကစားအဖွဲ့အား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တွေ့ရစဉ်။ (ကြေးမုံ)

ရန်ကုန် ဧပြီ ၁၈

ဧပြီ ၂၀ရက်မှ ၂၅ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပမည့် ၂၀၀၄ခုနှစ် အာရှတံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးရော်ဘင်တင် ခေါင်းဆောင်သော မြန်မာကြက်တောင် အားကစားအဖွဲ့သည် ယနေ့နံနက် ၈ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကြက်တောင်အားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးရော်ဘင်တင်၊ အားကစားသမားများအဖြစ် ရဲမင်းအောင်၊ လွင်အောင်၊ ပြည်ကျော်၊ သံလွင်အောင်၊ ခင်သန္တာဌေးနှင့် လှိုင်မွန်ကြူတို့ လိုက်ပါသွားကြသည်။ (ကြေးမုံ)



မီးသုံးခွဲလျှင် အသိယှဉ်၊
အစဉ်သတိ အမြဲရှိ

လှိုင်ကော်မြို့နယ် လယ်တွဲကျေးရွာဂဝံလမ်းဖွင့်

လှိုင်ကော် ဧပြီ ၁၃

ကယားပြည်နယ် လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ၂၀၀၃-၂၀၀၄ ခုဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက် ခဲ့သော နွားလပိုးကျေးရွာအုပ်စု လယ်တွဲကျေးရွာ ဂဝံလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီက အဆိုပါ လယ်တွဲကျေးရွာ ဂဝံလမ်းထိပ် မုခ်ဦးတွင် ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦး တက်ရောက် ကြည့်ရှုအားပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက အဆိုပါလယ်တွဲ ဂဝံလမ်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် လယ်တွဲကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ရွှေတို့က လယ်တွဲဂဝံလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

လိုက်လံကြည့်ရှု

ထို့နောက် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် အဖွဲ့ဝင်များက အဆိုပါ လယ်တွဲဂဝံလမ်းသစ်ကိုလိုက်လံကြည့်ရှုကြသည်။

(၄၄၆)

ကြက်မောက်တောင် ဆည်ရေသောက်နှမ်းစပါးစိုက်ပျိုး

ကျောက်ပန်းတောင်း ဧပြီ ၁၄

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင် ဆည်ရေသောက်ဒေသ၌ နွေစပါးစိုက်ပျိုးလျက်ရှိရာ နယ်မြေခံတပ် ဒုတိယဗိုလ်မှူးကြီးအေးမင်းသိန်းနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့ မတ် ၂၇ ရက်က မကျီးကိုင်းအုပ်စု နွေစပါး စိုက်ကွင်းများသို့ ကွင်းဆင်း ကြည့်ရှု စစ်ဆေးသည်။

နွေစပါးစိုက်ပျိုးမှု စစ်ဆေးကြည့်ရှုရာတွင်အထူးအထွက်တိုး စိုက်ပျိုးလျက်ရှိသော စည်ပင်သာယာ ကျေးရွာ တောင်သူဦးညွန့်မောင်၏ကွင်း အမှတ် (၂၂၆၈)တွင် စိုက်ပျိုးလျက်ရှိသော ၁ ဒသမ ၁၉ ဧကရှိကွင်းကို ကြည့်ရှု စစ်ဆေးရာ မြို့နယ် မြန်မာ့စိုက်ပျိုးရေး မန်နေဂျာဦးကြည်မြင့်၊ ဒုကြီးကြပ်ရေးမှူး ဒေါ်တင်သိန်းနှင့် အဖွဲ့ဝင်များက တစ်ဧကသတ်မှတ်သော ကောက်ပင်ရေဝင်ဆံ့မှုအရ ကြိုးတန်းဖြင့် စနစ်တကျ စိုက်ပျိုးမှုများကို ရှင်းလင်းတင်ပြကြသည်။

(၁၉၂)

သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ်ကို မတ် ၂၄ ရက်က ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်လွင်နှင့် မြို့နယ် ဥက္ကဋ္ဌ ဦးသိန်းဝင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

ရွှေဘိုမြို့နယ်

ပိတောက်ခေါင်းကျေးရွာ

နယ်လှည့်စာကြည့်တိုက်နှင့်

ဟောပြောပွဲကျင်းပ

ရွှေဘို ဧပြီ ၁၁

ရွှေဘိုမြို့နယ် ပိတောက်ခေါင်းကျေးရွာ အမကကျောင်း၌ မတ် ၂၅ရက် နံနက် ၈နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူတို့တက်ရောက်ကာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယ ဦးစီးမှူးဒေါ်မြင့်မြင့်ခိုင်က ပြန်ကြားရေးဝန်ကြီးဌာနအကြောင်းသိကောင်းစရာများကို ဟောပြောကြောင်းသိရသည်။

(ခရိုင်ပြန်/ဆက်)

ထားဝယ်မြို့၊ ရှေးဟောင်းလေးမျက်နှာဘုရားကြီးပြန်လည်ပြုပြင်

တည်ဆောက်ရာတွင်ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်

အေဒီ(၁၁)ရာစု အနော်ရထာမင်းကြီးလက်ထက်က တော်ပြန်ခဲ့သော လေးမျက်နှာဘုရားကြီးသည် ယခုအခါ ရာသီဥတုဒဏ်တို့ကြောင့် ပြိုကျပျက်စီးနေ၍ ပြီးခဲ့သည့်နှစ်များစွာ စေတီ ရှုံများအုပ်ဖုံးလျက် အုတ်ကုန်းကြီးအဖြစ်ရောက်ရှိနေသည်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ထားဝယ်မြို့၊ ဟောင်းတွင်ပြန်လည်ပြုပြင်တည်ဆောက်ပါမည်။ စေတနာရှင်ကုသိုလ်ရှင်များသဒ္ဓါတရားထက်သန်စွာဖြင့်ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါသည်။



အုတ်တစ်ချပ် (၁၂×၄×၃)	-	၅ဝိ/-
ဘိလပ်မြေတစ်အိတ်	-	၄၀၀ိ/-
သံတစ်ချောင်း	-	၆၀၀ိ/-
မြစ်ကျောက်(အသေး) တစ်ကျင်း	-	၂၀၀၀ိ/-
ထုံး (တစ်အိတ်)	-	၈၀၀ိ/-
သံကျောက်ပြားတစ်ချပ် (၁၂×၁၂)	-	၅၀ိ/-

ယဉ်ကျေးမှုဝန်ကြီးဌာန (ဝန်ကြီးရုံး) ဖုန်း ၅၄၃၂၉၁၊ ၅၄၃၂၉၃

ရှေးဟောင်းသုတေသနဦးစီးဌာန (ရုံးချုပ်) ဖုန်း ၅၁၂၁၃၀၊ ၅၁၂၁၃၃

ယဉ်ကျေးမှုအမွေအနှစ်စောင့်ရှောက်ရေးဌာနခွဲ (မန္တလေး) ဖုန်း ၀၂-၃၀၃၀၅၊ ၀၂-၃၃၁၃၅

ထားဝယ်မြို့၊ လေးမျက်နှာဘုရားဂေါပကအဖွဲ့မှ

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကိုပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန။


ရွှေပါရမီ အဆင့်မြင့်ဈေးသစ်ကြီး ကို
Indoor Carparking
Mall
Non-Sleeping
Indoor Car Parking၊ 18'
250 KVA
Central Air Condition
Super Market, Department Store, Cyber Net Cafe, Game City, Kitchen Shop, Beauty Saloon, Food Centre
ဝါဝါဝင်း
(6900)Sq.ft မှ (8250)Sq.ft ဆိုင်ခန်းကျယ်များ
(400)Sq.ft မှ (840)Sq.ft ဆိုင်ခန်းတွဲများ
Ph: 250650, 09-500-7499, Fax: 250753
Email: W.W.W@mptmail.net.mm

(၅၀)နှစ်မြောက်ရွှေရတုမင်္ဂလာဆုတောင်း

ကျေးဇူးရှင် ဖေဖေ ဗိုလ်မှူးကြီး **ရန်နောင်စိုး**(အငြိမ်းစား) မေမေ **ဒေါ်ခင်မကြီး**တို့၏ ၁၉-၄-၂၀၀၄နေ့တွင် ကျရောက်သည့် (၅၀)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းရာကျော်တိုင်အောင် ကောင်းမှုကုသိုလ်ပွားများပြီး သား၊ သမီး၊ မြေး၊ မြစ်များနှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သော သား၊ သမီး၊ မြေး၊ မြစ်များ။

(၂၁)နှစ်မြောက်မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးကျော်မင်း-ချစ်မေမေ ဒေါ်အေးအေးယဉ်

စိန် နှင့် မြ မွေ့ရာ (ကျောက်မြောင်း)

တို့၏

၁၉-၄-၂၀၀၄ကျရောက်သော မင်္ဂလာရက်မြတ်မှသည် ငွေရတုမှ စိန်ရတုတိုင်အောင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပြီး လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ချစ်သမီးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ သယ်ပိုးနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်---

ချစ်သမီးကြီး - မဇင်မင်းနွယ် (Second Year (French) Y.U.F.L)
ချစ်သမီးလေး - မလမင်းထွန်း(First Year U.C.S.Y)
ချစ်သမီးထွေး - မရှိုင်းမင်းထွန်း(ပုတူး)(အထက-၂၊ လသာ)

တရုတ်ဘာသာစကားအရည်အချင်းစစ်စာမေးပွဲ (HSK)

တရုတ်ပြည် နိုင်ငံတော် တရုတ်ဘာသာစကား အရည်အချင်းစစ်ကော်မတီ The State Commission of Chinese Proficiency Test) မှ ကမကထပြုကြီးမှူး၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့ ပူးပေါင်းစီစဉ် ကျင်းပမည်။

စာမေးပွဲကျင်းပမည့်ရက် - ၂၀၀၄ခုနှစ် မေလ(၁၅)ရက်(စနေနေ့)
ကျင်းပမည့်နေရာ - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
လျှောက်လွှာတင်ရက် - ၂၀၀၄ခုနှစ် ဧပြီလ(၆)ရက်မှ ၂၀၀၄ခုနှစ် ဧပြီလ(၃၀)ရက်နေ့အထိ
လျှောက်လွှာရရှိနိုင်သည့်နေရာ - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
စစ်ဆေးမည့်အစီအစဉ် - အဆင့်(၃)ဆင့်အနက် မိမိဖြေဆိုလိုရာ အဆင့်ကို ဖြေနိုင်ပါသည်။

အသေးစိတ်ကို အမှတ်(၁၁၉-၁၃၁) တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် တယ်လီဖုန်း ၀၁-၅၁၃၁၉၈နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် တယ်လီဖုန်း ၀၂-၃၂၃၃၀တွင် စုံစမ်းနိုင်ပါသည်။

စာမေးပွဲဖြေဆိုကြမည့်သူများအတွက် HSK Guide Books နှင့် Tape များကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ ယဉ်ကျေးမှုသံမှူးရုံး၊ အမှတ်(၉၄)၊ ခရေပင်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်နှင့် မန္တလေးမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၊ ရတနာလမ်းသွယ်၊ ရန်ကြီးအောင်လမ်း၊ ၃၅လမ်း(၆၅လမ်းနှင့်၆၆လမ်းကြား)မန္တလေးမြို့တွင် ဝယ်ယူရရှိနိုင်ပါသည်။





ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
အမှတ်-၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၂၀၀၄-၂၀၀၅ ပညာသင်နှစ်
လုပ်ခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁/၀၄)
သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၏အစီအစဉ်ဖြင့် ၂၀၀၄-၂၀၀၅ပညာသင်နှစ်အတွက် ပညာရေး ကောလိပ်များတွင် ဖွင့်လှစ်မည့် လုပ်ခွင်အကြိုဆရာအတတ်ပညာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၀၄)သို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရပါမည်။

(က) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခု(ယဉ်ကျေးမှုတက္ကသိုလ်အပါအဝင်)မှ ဘွဲ့(ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ စီးပွားရေးဘွဲ့) ရရှိပြီးသူဖြစ်ရမည်။

(ဂ) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ် ဓာတ်ပုံမိတ္တူ (သို့မဟုတ်) ဘွဲ့ရကြောင်း ထောက်ခံစာ ပူးတွဲတင်ပြရမည်။

(ဃ) မွေးသက္ကရာဇ်အထောက်အထားအတွက် လျှောက်လွှာနှင့်အတူ အခြေခံပညာ အထက်တန်းစာမေးပွဲအောင်လက်မှတ် ဓာတ်ပုံမိတ္တူကို ပူးတွဲတင်ပြရမည်။

(င) ၂၀၀၄ခုနှစ် ဩဂုတ်လ (၁၂)ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကြီးသူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက (၃၅)နှစ်ထက် မကြီးသူဖြစ်ရမည့်အပြင် သက်ဆိုင်ရာဌာန၏ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။ (ဝန်ထမ်းများသည် လစာမဲ့ဖြင့် သင်တန်းတက်ရပါမည်။)

(စ) ပြစ်မှုကင်းရှင်းပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဆ) စေလွှတ်သည့် ပညာရေးကောလိပ်များသို့ တက်ရောက်နိုင်သူဖြစ်ရမည်။

(ဇ)သင်တန်းအောင်မြင်ပြီးသူများအား ဆရာအတတ်ပညာကျွမ်းကျင်မှုလက်မှတ် (Teacher Education Competency Certificate-TECC) ချီးမြှင့်ပြီး မူလတန်းပြအဖြစ် စတင်ခန့်ထားပြီး နေရာလစ်လပ်မှုအရ အလယ်တန်းပြအဖြစ် ရာထူးတိုးမြှင့်ခန့်ထားပေးမည် ဖြစ်ပါသည်။

(ဈ) သင်တန်းကာလမှာ ၂၀၀၄ခုနှစ် ဩဂုတ်လ (၁၂)ရက်မှ ၂၀၀၅ခုနှစ် ဩဂုတ်လ(၇)ရက်နေ့ထိ ဖြစ်ပါသည်။

(ည) သင်တန်းကြေးကို တစ်လလျှင် ကျပ်(၁၀၀၀)ပေးသွင်းရပါမည်။

(ဋ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူကို ဦးစားပေးရွေးချယ်မည်။

၃။ အလယ်တန်းပြဆရာအဖြစ် သတ်မှတ်ထားသည့် လုပ်သက်ပြည့်မြောက်ပါက ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်းဝင်ခွင့်အစီအစဉ်အရ တက်ရောက်ခွင့် ရရှိမည်။

၄။ လူတွေ့နှုတ်ဖြေကို ၂၀၀၄ခုနှစ် ဇွန်လ (၁၂)ရက်နေ့မှစ၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများတွင် စစ်ဆေးဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ လျှောက်ထားသူများသည် ပူးတွဲပါသင်တန်းဝင်ခွင့် လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ပြုစုရေးသား ဖြည့်သွင်းထားသော လျှောက်လွှာ(၃)စုံတွင် ခြောက်လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ(မျက်မှန်တပ်ဆင်သူဖြစ်ပါက မျက်မှန်နှင့်တစ်ပုံ၊ မျက်မှန်မပါတစ်ပုံ)ကိုကပ်၍ (ပူးတွဲရမည့် အထောက်အထားများနှင့်အတူ) သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများသို့ **၂၀၀၄ခုနှစ် မေလ (၂၆)ရက်နေ့**ထက် နောက်မကျစေဘဲ ပေးပို့ရပါမည်။

ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ၊ ၂၀၀၄ခုနှစ် ဧပြီလ (၆)ရက်

၂၀၀၄-၂၀၀၅ ပညာသင်နှစ်
လုပ်ခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှုသင်တန်း
အမှတ်စဉ်(၁/၀၄)သင်တန်းဝင်ခွင့်လျှောက်လွှာ

၁။ လျှောက်ထားသူ၏ အကြောင်းအရာ

အကြောင်းအရာ	အမည်	နိုင်ငံသား(သို့မဟုတ်)နိုင်ငံခြားသား စိစစ်ရေးကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် ----- ခုနှစ်၊------လ၊ ------ရက်
၃။ (အပထ(က)အဆင့်/တက္ကသိုလ်ဝင်စာမေးပွဲ)
အောင်မြင်ခဲ့သည့် စာစစ်ဌာနနှင့် ပြည်နယ်/တိုင်း ----------------
၄။ ဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ ------------------------
အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့်ခုနှစ် ------------------------
၅။ အခြားသင်တန်းများသို့ လျှောက်ထားခြင်း ရှိ/မရှိ ----------------
ရှိပါက (သင်တန်းအမည်) --------------------------------
၆။ အိမ်ထောင်ရှိ/မရှိ(ရှိပါက)ဇနီး/ခင်ပွန်းအမည် ------------------
နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------
၇။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ ----------------------------

၈။ မူလတန်းပြဆရာအဖြစ် ခန့်ထားပါက ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိ/မရှိ --

----
လျှောက်ထားသူလက်မှတ်

ရက်စွဲ၊ ၂၀၀၄ခုနှစ်၊ ဧပြီလ၊ ရက်

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(၁) Assistant Technician — **ကျား/မ (၃) ဦး**

B.Tech(Chemical) 0r B.Sc(Chemistry) ဘွဲ့ရ၊ အသက် (၃၀နှစ်) အတွင်း၊ စကားပြောဆို ရည်မွန်သွက်လက်၍ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။ ခရီးသွားလာနိုင်သူဖြစ်ရမည်။

(၂) Sale Promoter — **ကျား (၅) ဦး**

အသက် (၁၈ နှစ်မှ ၂၅ နှစ်)အတွင်း အခြေခံပညာအထက်တန်းအောင်မြင်ပြီး စကားပြောဆို ရည်မွန် သွက်လက်၍ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။ ခရီးသွားလာနိုင်သူဖြစ်ရမည်။ Computer Knowledge ရှိ၍ ကျန်းမာရေးကောင်းသူကို ဦးစားပေးမည်။

(၃) Driver — **ကျား (၃) ဦး**

အသက် (၂၀ နှစ်မှ ၃၀နှစ်)အတွင်း ဆက်ဆံရေးပြေပြစ်၍ ယာဉ်မောင်းသက်တမ်းအနည်းဆုံး(၂)နှစ် ဖြစ်ရမည်။

လျှောက်ထားသူများသည် (၁)လအတွင်းရိုက်ထားသော ပတ်စပို့အရွယ်ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသား စိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံချက်၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ ကိုယ်ရေးရာဇဝင်အကျဉ်းတို့နှင့်တကွ အဆောင်(၈၅)၊ အခန်း(၃)၊ စော်ဘွားကြီးကုန်းပွဲရုံဝင်းသို့ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လျှောက်ထားပေးပို့ရပါမည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့
တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော အောက်ပါတံတား(၃)စင်း၏ ၂၀၀၄-၂၀၀၅မှ ၂၀၀၆-၂၀၀၇နှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း(၃)နှစ် လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

(က) **လေလံတင်ရောင်းချမည့်တံတားများ**
(၁) အောင်ဇေယျတံတား(လှိုင်သာယာမြို့နယ်)
(၂) ရွှေပြည်သာတံတား(လှိုင်သာယာမြို့နယ်)
(၃) ဘုရင့်နောင်တံတား(လှိုင်သာယာမြို့နယ်)

(ခ) **ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များ ဝယ်ယူရရှိနိုင်သောနေရာ**
- အတွင်းရေးမှူးရုံး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (ရန်ကုန်မြို့)၊ ဖုန်း-၃၇၀၅၀၆။

(ဂ) **ချိပ်ပိတ်တင်ဒါ လေလံတင်သွင်းရမည့် ရက်စွဲနှင့်အချိန်**
-၂၈-၄-၂၀၀၄ နံနက်၁၀း၀၀နာရီမှ ၁၂း၀၀နာရီအတွင်း

(ဃ) **ချိပ်ပိတ်တင်ဒါပေးသွင်းရမည့်နေရာ**
- အစည်းအဝေးခန်းမ(၂)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(င) **ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့်ရက်စွဲနှင့်အချိန်**
- ၂၈-၄-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ၁၂း၀၀နာရီ

(စ) **ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့်နေရာ**
- အစည်းအဝေးခန်းမ(၂)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

မှတ်ချက်။ ။ ချိပ်ပိတ်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင်(၅၀၀၀ိ/)နှုန်းဖြင့် ရုံးချိန်အတွင်း အတွင်းရေးမှူးရုံး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဝယ်ယူနိုင်ပါသည်။

ဥက္ကဋ္ဌ
တံတားများအသုံးပြုခွင့်လိုင်စင် လေလံတင်ရောင်းချရေးကြီးကြပ်အဖွဲ့
ရန်ကုန်တိုင်း။

ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဘားအံမြို့

တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း

သုံးနှစ်လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်

လေလံတင်ရောင်းချရန်ကြော်ငြာ

ကရင်ပြည်နယ်အတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော နိုင်ငံတော်ပိုင်တံတားသုံးစင်း၏ ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) လေလံတင်ရောင်းချမည့်တံတားများ

(၁) သံလွင်တံတား(ဘားအံ)

(၂) ဂျိုင်း(ကော့ကရိတ်တံတား)

(၃) ဒုံသမိတံတား(ဘားအံ)

(ခ) လေလံလျှောက်လွှာဝယ်ယူရရှိနိုင်သည့်နေရာ
ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊
ဖုန်း-၂၁၁၈၂/၂၁၀၈၃

(ဂ) လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ
ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(ဃ) လေလံလျှောက်လွှာ စတင်ရောင်းချမည့်နေ့၊ အချိန်
၁၉-၄-၂၀၀၄ (တနင်္လာနေ့) နံနက်(၁၀)နာရီ

(င) လေလံလျှောက်လွှာပိတ်မည့်နေ့၊ အချိန်
၂၆-၄-၂၀၀၄ (တနင်္လာနေ့) ညနေ(၄)နာရီ

(စ) လေလံတင်ရောင်းချမည့်ရက်၊ အချိန်
၂၇-၄-၂၀၀၄ (အင်္ဂါနေ့) နံနက်(၁၀)နာရီ

(ဆ) လေလံတင်ရောင်းချမည့်နေရာ

ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဘားအံမြို့။

မှတ်ချက်။ ။လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

ဥက္ကဋ္ဌ

ကရင်ပြည်နယ်တံတားများ အသုံးပြုခွင့်လိုင်စင် လေလံတင်ရောင်းချရေး ကြီးကြပ်အဖွဲ့၊ ဘားအံမြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ရက်
(၂၀၀၄ခုနှစ် မတ်လ ၃၁ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန်လ(၂၆)ရက်မှ ဇူလိုင်လ(၃)ရက်အထိ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ပါသည်။

(က) နိုင်ငံတော်နှင့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ နိုင်ငံခြားငွေ တိုးတက်ရရှိစေရန်။

(ခ) နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကျောက်မျက်ရတနာကဏ္ဍမှ အထောက်အကူပြုနိုင်ရန်။

(ဂ) ကျောက်မျက်ရတနာဈေးကွက် နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ထွန်းစေရန်။

(ဃ) ကျောက်မျက်ရတနာများကို ပြည်ပသို့ တရားမဝင်ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများ လျော့နည်းပပျောက်စေရန်။

၂။ ၂၀၀၄ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာလုပ်ငန်းရှင် အများစုအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ရောင်းရငွေ ယူရို (၁၈ဒသမ၅)သန်းကျော် ရရှိခဲ့ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေးသတ်မှတ်၍ တင်ပြရောင်းချခဲ့ခြင်းနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပမှရတနာကုန်သည် (၆၃၀)ကျော် တက်ရောက်ယှဉ်ပြိုင်ဝယ်ယူကြခြင်းတို့ကြောင့် ရောင်းရငွေများ တိုးတက်ရရှိခဲ့ခြင်းဖြစ်ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှစ၍ ငွေပေးချေရေးစနစ်များ ပြင်ဆင်သတ်မှတ်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဌာနများနှင့်ညှိ၍ ဝယ်ယူသည့် ကျောက်မျက်ရတနာများကို ပြည်ပသို့လျင်မြန်စွာတင်ပို့ ပေးလျက်ရှိခြင်းတို့ကြောင့် ရောင်းချရသည့် နိုင်ငံခြားငွေများ အမြန်ရရှိလျက်ရှိပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်များ တင်ပြရောင်းချသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနက် လုပ်ငန်းသုံးငွေလည်ပတ်စေရန် နိုင်ငံတော်မှ ကြိုတင်ငွေ/ချေးငွေများ ရယူလိုသူများအား သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ငွေ/ချေးငွေများ ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning)အဖြစ်သတ်မှတ်ရေး၊ ပြည်ပပို့ကုန်ရောင်းရငွေများဖြင့် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုရန်လိုအပ်သည့် လောင်စာဆီ၊ စက်ယန္တရားစသည်များကို ပြည်ပမှတင်သွင်းခွင့်ရရှိရေးအတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းတင်ပြ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန်လအတွင်း ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် နိုင်ငံသား/ကုမ္ပဏီ/အသင်းများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၄ခုနှစ် မေလ(၁)ရက်မှ ဇွန်လ(၁)ရက်အတွင်း စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရန်ကုန်မြို့၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)နှင့်မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် တူးဖော်ရေးစခန်းရုံးများနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ပါသည်။

၆။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက အထက်စာပိုဒ်(၅)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။



ဝန်ထမ်းအလိုရှိသည် (ပြည်တွင်းခရီးသွားခန့်ထားရန်)

ကျွမ်းကျင်စက်ပြင် (၂)ဦး
ဒီဇယ်အင်ဂျင်အကြီးများကျွမ်းကျင်စွာပြုပြင်နိုင်ပြီး (၁၀)နှစ်အထက် အတွေ့အကြုံရှိရမည်။
စက်ပြင်အကူ (စာရေးမှားတတ်ရမည်။) (၁)ဦး
ကြော်ငြာသည့်နေ့မှတပတ်အတွင်း။ ကိုယ်ရေးရာဇဝင် ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ ရဲစခန်းထောက်ခံစာနှင့်အတူ လျှောက်ထားနိုင်သည်။ Ph: 579783
၁၂ ရောဝတီဝိပဿနာ ရောဝတီလမ်း သာကေတကျောက်တိုင်အနီး။







သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီးဖြစ်သူ မရီရီသက် နိုင်ငံသားအမှတ် [၁၂/ရပသ(နိုင်)၀၄၉၈၆၃]သည် မိဘများစိတ်ဆင်းရဲအောင် ပြုလုပ်သွားပါ၍ ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စများလုံးဝတာဝန်မယူပါ။

မိဘများ ဦးကျော်စိုး-ဒေါ်တင်တင်ဝင်း။

ဘုရား၊ ရဟန်းဒါယိကာမကြီး

ဒေါ်လှဲ့လှဲ့ဝင်း

အသက် (၄၇)နှစ်

M.Sc(Zoology)

သရုပ်ပြဆရာမ(ငြိမ်း)

သတ္တဗေဒဌာန

ရန်ကုန်မြို့ အမှတ် ၃၈ ရွှေတောင်တန်းလမ်း လမ်းမတော်မြို့နယ်နေ ဦးချို-ဒေါ်လှဝင်းတို့၏ သမီးထွေး၊ ဒေါ်စန်းစန်းဦး (ဆေးသုတေသန ဦးစီးဌာန၊ အောက်မြန်မာပြည်)၊ ဦးမြင့်ဦး-ဒေါ်ဝင်းဝင်းအေးတို့၏ ညီမသည် ၁၇-၄-၂၀၀၄ (စနေနေ့) နံနက် ၈း၁၃ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ သဖြင့် ၁၉-၄-၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁း၀၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုဇော်ထွန်းဦး

အသက်(၃၆)နှစ်

(ဒဂုံညွန့်ဈေး)

(စိန်ရတနာရွှေဆိုင်)

ရန်ကုန်မြို့ ဒဂုံမြို့သစ်တောင်ပိုင်း လှော်ကားလမ်း (၅၇)ရပ်ကွက် အိမ်အမှတ် (၁၅၆၀)နေ ဦးသိန်းထွန်း-ဒေါ်ငွေးရီတို့၏သား၊ ကိုတင်မြင့်-မခင်မျိုးလွင်၊ (မောင်မျိုးဇင်)၊ မောင်နေမျိုးထွန်း၊ မကြည်ကြည်ထွန်းတို့၏ အစ်ကိုသည် ၁၆-၄-၂၀၀၄ရက် (သောကြာနေ့) နံနက် ၂နာရီ ၄၅ မိနစ်တွင် ကွယ်လွန်ပါ၍ ယင်းနေ့ တွင်ပင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

(၁)လပြည့်လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး

ဦးဥက္ကာ (ဒုတိယညွှန်ကြားရေးမှူးချုပ်)

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

အနန္တ ကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့် မျှော်လင့်ဘဲ ရုတ်တရက်ခွဲခွာသွားခဲ့သည်မှာ ၁၉–၄–၂၀၀၄ရက်တွင် (၁)လပြည့်ခဲ့ပါပြီ၊ ဖခင်ကြီးအားရည်မှန်း၍ ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှု အစုစုကို အမျှပေးဝေပါသည်။ မြင့်မြတ်သော ဘုံဘဝမှသာစုခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး–ဒေါ်မြင့်မြင့်နီ
သမီးကြီး–ဗိုလ်မှူးရန်နောင်–ဒေါ်အေးနန္ဒာ
သား–ဦးသော်ဇင် (Royal Deco)
သမီးငယ်–မအေးမြတ်မွန် (Royal Deco)
မြေး–မယဉ်ငြိမ်းအေး။

ဦးဘဂျမ်း (၈၄)နှစ်

လ/ထ ညွှန်မှူး(ငြိမ်း)

ဗဟိုစာရင်းရုံး

(မုံရွေး)

အမှတ်(၁၂)၊မြသီရိ(၁)လမ်း၊ အကွက် (၃၀)၊ (မ/ဒဂုံ)နေ ဒေါ်သန်းကြည်၏ ခင်ပွန်း၊ မုံရွာခရိုင်၊ မုံရွေးရွာနေ (ဦးဖိုးဒင်–ဒေါ်စိန်)တို့၏ သား၊ (ဦးဘသန်း–ဒေါ်သန်း)၊ (ဒေါ်မြရွှေ)တို့၏ မောင်၊ ဒေါ်မြမေ၊ ဦးတိုးအောင်–ဒေါ်သိန်းရီ၊ ဒေါ်သန်းမေ–ဦးသောင်းတို့၏ အစ်ကို၊ ဦးမောင်မောင်ဦး – ဒေါ်သန်းသန်းဦး၊ ဦးမောင်မောင်ချိုတို့၏ ဖခင်၊ မဆုဝေ၊ မပြည့်ဖြိုးဝေ၊ မောင်အေးချမ်းတို့၏ အဘိုးသည် ၁၈–၄–၂၀၀၄ရက် နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ထားဝယ်ချောင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးလရောင် (၇၇)နှစ်

အလယ်ချောင်းကျေးရွာ

(တွံတေးမြို့နယ်)

ရန်ကုန်မြို့၊ အမှတ်(၂၄) သီတာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးသင်းလှိုင်–ဒေါ်စံညွန့်)တို့၏ သား၊ (ဦးကျော်စိန်–ဒေါ်စိန်မေ)တို့၏ မောင်၊ (ဦးရွှန်း–ဒေါ်အုန်းရီ)တို့၏ အစ်ကို၊ ဦးဇော်မင်း–ဒေါ်သန်းသန်းရီ၊ ဒေါ်အေးအေးလွင်–ဦးစိုင်းတို့၊ ဦးကျော်သိန်း၊ ဦးသိန်းလွင်၊ ဦးဝင်းဇော်–ဒေါ်မာဂရက်၊ ဒေါ်မြမြဝေ၊ (ဦးဝင်းလွင်ဆန်း)၊ ဦးမျိုးဝင်းခိုင်–ဒေါ်ချိုချိုဝင်း၊ ဆရာလေးဒေါ်ဝဏ္ဏ၊ ကိုမြင့်သိန်း၊ မမြင့်မြင့်–ကိုဂွမ်ဟို၊ ကိုတင်ထွန်း–မရှမ်းမ၊ မကေသွယ်ခိုင်–ကိုတိုးဝင်း၊ မောင်ကျင်ငွေ၊ မစန်းရီ၊ မောင်သိန်းဝင်းတို့၏ ဦးလေးသည် ဗဟိုစည်အထူးကုဆေးခန်း၌ ၁၇–၄–၂၀၀၄ရက် မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၂၃–၄–၂၀၀၄(သောကြာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေး မည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူ တူ၊တူမများ။

ဒေါ်သန်းမြင့် (၇၃)နှစ်

(ပုသိမ်)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ၅၁ ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၃၁၆)နေ (ဦးသန်းဖေ–ဒေါ်ဖွားစိန်)တို့၏ သမီး၊ ဦးတင်မောင်အေး၏ ဇနီး၊ ဦးငွေနိုင်–ဒေါ်သန်းသန်းစိန်၊ ဦးသန်းနိုင်–ဒေါ်ပိုပိုအေး၊ ဦးကျော်နိုင်–ဒေါ်ခင်မိုးထွန်းတို့၏မိခင်၊ မြေး ခုနစ်ယောက်တို့၏ အဘွားသည် ၁၇–၄–၂၀၀၄ရက် ည ၁၁း၄၃ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၄–၂၀၀၄ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်စိုး(၄၆)နှစ်

တပ်မတော်(ရေ)(ငြိမ်း)

ရန်ကုန်မြို့နေ ဦးလှကြည်–E.P.Cလ/ထဘဏ္ဍာရေးမှူး–ဒေါ်ကြည်လေး(ခ)ဒေါ်ကျင်တီ]တို့၏ သား၊ ဟင်္သာတမြို့၊ အိပ်ပျက်အုပ်စု၊ အုန်းတောကျေးရွာနေ ဦးသန်းမောင်(ကျောင်းအုပ်ကြီး၊ငြိမ်း)–ဒေါ်သန်းသန်းတို့၏ သားသမက်၊ ၃/၁၈၊ ချယ်ရီလမ်း၊ အပိုင်(၃) ပေါက်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်နွဲ့နွဲ့ငွေး၏ ခင်ပွန်း၊ ကိုလွင်ဟိန်း–မသန္တာအောင်စိုး(ခ)သုသုအောင်လင်းဖြိုး(1[st]Eco)၊ ဒုတိယစည်သူအောင်စိုးတို့၏ ဖခင်၊ အိမ့်မှူးမာန်(ခ) ကူကူး၏ အဘိုးသည် ၁၆–၄–၂၀၀၄ရက် နံနက် ၆း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၆–၄–၂၀၀၄ရက် ညနေ ၄ နာရီတွင် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါ၍ ၂၂–၄–၂၀၀၄ရက်တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ကျန်ရစ်သူမိသားစုမှ ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ကျော့စိန် အသက်(၈၀)

(စစ်တွေ)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၃)၊ ခေမာသီလမ်း၊ အမှတ်(၂၉)နေ(ဦးမြသာထွန်း–ဒေါ်ရှင်မ) တို့၏သမီး၊ (ဦးအေးမောင်–ဒေါ်စောဦး)၊ (ဦးဘိုးထွန်း)–ဒေါ်မမရှိတို့၏ ညီမ၊ ဦးကျော်စိန်–ဒေါ်ဦးမေ၊ (ဦးသန်းစိန်)၊ ဦးလှကြည်–ဒေါ်နှင်းအေးခိုင်(ခ)ဒေါ်ကံကြီး (မင်္ဂလာဈေး)၊ ဦးစံလှကျော်–ဒေါ်သိန်းတင်၊ ဦးကျော်သာ၊ ဦးမင်းဆွေ–ဒေါ်ညိုညို၊ ဦးမောင်တိုး–ဒေါ်ဝင်းဝင်းနု၊ ဦးသန်းဝင်း – ဒေါ်လှအုံးမယ်တို့၏ အဒေါ်၊ မခင်မြမြစိန်၊ (မောင်သူရစိန်)–မမိုးမိုးနွယ်၊ ဒေါက်တာကျော်လှစိန်၊ ကိုမောင်မောင်ထွန်း–မသီဂီစိန်နှင့် မြေး ၁၅ယောက်တို့၏ အဘောင်ရှင်၊ မြစ်လေးယောက်တို့၏ အဖီးရှင်သည် ၁၇–၄–၂၀၀၄(စနေနေ့) မွန်းလွဲ ၂း၄၅နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၀–၄–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီ ထွက် ပါမည်) ကျန်ရစ်သူမိသားစု။

ဦးသန်းနိုင်(၆၁)နှစ်

ပါမောက္ခ၊ ဘူမိဗေဒဌာန

မော်လမြိုင်တက္ကသိုလ်

(ဦးသိန်းမောင်–ဒေါ်ကြင်ခ)တို့၏သား၊ ဒေါ်တင်တင်မြင့်၏ခင်ပွန်း၊ မထက်ဝေနိုင် (Receptionist, China Shipping Container Line)၏ဖခင်၊ ဒေါ်ကေသီ၏ ဦးလေး ဦးသန်းနိုင်သည် ၁၈–၄–၂၀၀၄ရက် ညနေ ၄နာရီတွင် မော်လမြိုင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၄–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် မော်လမြိုင်ပိန္နဲကုန်း မြန်မာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

၂၄–၄–၂၀၀၄ရက်တွင် မော်လမြိုင်တက္ကသိုလ်နေအိမ်၌ ရက်လည်ဆွမ်းကျွေးပါမည့်အကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးသိန်းချေ

အသက် (၆၀)

အားကစားမှူး စစ်တွေတက္ကသိုလ်

အောက်မြန်မာပြည် လက်ရွေးစင် (၁၉၆၇)၊ ရခိုင်တိုင်းလက်ရွေးစင် (၁၉၆၂–၁၉၆၇)

ဆန်းဒေးဘောလုံးကလပ်စစ်တွေ

ဂုဏ်ထူးဆောင်နာယက

ရခိုင်ပြည်နယ်

ဂုဏ်ထူးဆောင်ဘောလုံးနည်းပြ

(မင်းပြား)

မင်းပြားမြို့နေ (ဦးထွန်းသာဇံ–ဒေါ်မှဲ့နီမ) တို့၏သား၊ (ဒေါ်ဖြူမချေ)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ စစ်တောင်းရိပ်မွန်၊ယုဇနလမ်း၊တိုက်(၁၇)၊ အခန်း(၁၀၁)နေ ဦးစောသန်းလှိုင်(ခ) ဦးဖိုးရှမ်း၊ ဒေါ်ခင်စောဝေ(ခ) မဝေတို့၏ မွေးသဖခင်၊ မဇွန်လင်းနွယ်(ခ)ဇွန်ဇွန်၏ချစ်လှစွာသောအဘိုးသည် ၁၂–၄–၂၀၀၄ရက် ည ၁၀း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၄–၂၀၀၄ ရက် မွန်းလွဲ၂နာရီတွင် စစ်တွေမြို့ အာဂျိတ်တော်ကုန်းတွင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ခိုင် (၃၂)နှစ်

ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ်၊ ကျွန်းတောကုန်းကျေးရွာနေ ဦးအုန်းရွှေ–ဒေါ်မမလေးတို့၏ သမီး၊ဘုရင့်နောင်၊ အုတ်ကျင်းအိမ်ရာနေ တပ်ကြပ်ကြီးသောင်းစိန်–ဒေါ်ခင်လှတို့၏ ချွေးမ၊ သာသနာရေးဦးစီးဌာန (ကွမ်းလုံမြို့နယ်) မှ ဦးစီးအရာရှိ ဦးဇော်ဦး၏ဇနီး၊ မမေရတနာဦး၏မိခင်သည် ၁၈–၄–၂၀၀၄ရက် ဝး၁၅နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂–၄–၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးစောလှဖြူ (၆၉)နှစ်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)

(စစ်တွေ)

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်နေ (ဦးမောင်ထွန်းအောင် – ဒေါ်စံလှခိုင်) (စန်းသော်တာဆေးလိပ်ခုံ)တို့၏ သား၊ (ဦးစံမြကျော်–ဒေါ်ညွှင်းဖြူ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၇၉)၊ (၅လွှာ) စိတ္တသုခလမ်းနေ ဒေါ်မြခင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်စောဦး (3/O Lizstar)–ဒေါ်သန်းမြင့်ချေ၊ ကိုအောင်စောထွန်း (J/E MTM Shipping)တို့၏ ချစ်လှစွာသောဖခင်၊ (ဒေါ်ဦးသာမေ–ဦးမြသာ)၊ (ဦးရွှေသာဘန်း)–ဒေါ်ထွေးတင်၊ ဒေါ်ရွှေခိုင်ဖြူ–(ဦးစိန်ညိုထွန်း)၊ ဒေါ်မသာနု–ဦးမောင်ဖြူ၊ (ဦးရွှေစောအောင်)၊ (ဦးရွှေလှဖြူ)–ဒေါ်တင်အောင်တို့၏ညီ/မောင်၊ ဒေါ်စောယဉ်ခိုင်၊ ဦးစောလှအောင်–ဒေါ်အေးမြိုင်၊(ဒေါ်သိန်းနုခိုင်)၊ ဒေါ်ကျော့နုခိုင်တို့၏ အစ်ကိုသည် ၁၈–၄–၂၀၀၄ (တနင်္ဂနွေနေ့)နံနက်၆နာရီတွင်အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀–၄–၂၀၀၄(အင်္ဂါနေ့)ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ

ဦးတင်မောင်(ခ)ဦးပေါက်စ

အသက်(၅၂)နှစ်

ဗဟိုစံပြငါးဈေးကြီး

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၈)နေ (ဦးပိန်–ဒေါ်ငွေရှိန်)တို့၏သား၊ ဒေါ်စောရင်၏ သားသမက်၊ ဒေါ်ခင်ပြုံးပြုံး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလှရွှေ(ခ)ရော်နီ ရှရာဇီ–ဂိုးလ်တဂျ်၊ ဦးဂျော်နီ–ဒေါ်ခင်အေးမြင့်၊ ဦးဝင်းမြိုင်–ဒေါ်ခင်လှတို့၏ ညီ/မောင်၊ ဦးတင်ဝင်း၊ ဦးခင်မောင်–ဒေါ်သိန်းသိန်း၊ဦးကိုကိုကြီး–ဒေါ်တင်လှ၊ ဦးမြင့်အောင် – ဒေါ်ခင်မြတို့၏ အစ်ကို၊ မောင်ဇော်လင်းမောင် (1[st] Year History)၊ မောင်ဇော်ဝင်းမောင်တို့၏ ဖခင်သည် ၇–၄–၂၀၀၄(စနေနေ့) နံနက် ၅း၂၀နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၄–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများမွန်းတည့်၁၂ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊

ရဟန်းဒါယိကာမ

မိစန်းစန်းချို

အသက်(၅၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၁၁၄၆)၊ ဇေယျာသုခလမ်းနေ (နိုင်ရေခဲ)–မိစိန်ဒါန်တို့၏ သမီး၊ နိုင်တင်ဖေ(စိန်သုံးလုံးကားပစ္စည်းဆိုင်၊ ဘုရင့်နောင်ဈေး)၏ ဇနီး၊ မင်းဗညားကျော်စွာ၊ မင်းအောင်မွန်ချမ်း၊ မိအင်ကြင်းမွန်၊ မင်းဉာဏ်သိုင်း၊ မင်းသိုက်ဉာဏ်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင် မိစန်းစန်းချိုသည် ၁၈–၄–၂၀၀၄ရက် နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်ပါ၍ ၂၀–၄–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ

ဆရာဦးသိန်းထွန်း(၄၉)နှစ်

(စမ်းချောင်း)

(ဦးမြသန်း–ဒေါ်ခင်မြ)တို့၏ သားထွေး၊ ဗိုလ်မှူးမြသန်း(ငြိမ်း)–ဒေါ်မြမြတို့၏ သားသမက်၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ၊ သီရိသုဓမ္မမဏိဇောတရေ ဆရာကြီးဦးဉာဏ်လွင်–ဒေါ်ငွေးငွေးတို့၏ မောင်၊ ဗိုလ်မှူးချစ်ညွန့် (ခရိုင်အတွင်းရေးမှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင်)၊ ဒေါ်ဝင်းကြည်၊ ဦးလှမြင့်၊ ဦးအေးကျော်(ငြိမ်းချမ်းရေးယာဉ်လိုင်း)–ဒေါ်ခင်စိုးညွန့်တို့၏ ညီ၊ ဒေါ်ချိုချိုဆင့် (ရွှေကြိုးကြာနှင့် ဒုံးပျံဆေးတိုက်)၏ ခင်ပွန်း၊မောင်ကွန်းဇော်ထွန်း (ရေကြောင်းသိပ္ပံ)၊ မောင်ရဲမာန်ထွန်း(TTC)၊ မသန္တာနီထွန်းတို့၏ မွေးသဖခင် တိုင်းရင်းဆေးဆရာ ဦးသိန်းထွန်းသည် ၁၈–၄–၂၀၀၄ရက် ည ၈း၁၅နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၄–၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ်(၈၉)၊ကျွန်းတောလမ်း၊စမ်းချောင်းနေအိမ်မှ ကားများ ညနေ၃နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်ခင်တင့်(ခတ္တိယ)

အသက်(၇၇)နှစ်

(ကြည့်မြင်တိုင်)

ရန်ကုန်တိုင်း၊ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ ၂လမ်းနေ (ဦးဖိုးစိန်–ဒေါ်နှင်းညွန့်)တို့၏ သမီး၊ (ဦးဖိုးသီး)–ဒေါ်တင်မြင့်၊ ဦးသောင်းစိန်–(ဒေါ်ဖွားစိန်)၊(ဦးမြင့်ဆွေ)–ဒေါ်စန်းရင်တို့၏အစ်မ၊ ဒေါ်ကျင်သန်း၊ ဦးကျော်ညိမ်း–ဒေါ်ပြုံး၊ ဒေါ်အေးသန်း(အထက ၅၊ကြည့်မြင်တိုင်)၊ဦးဘချစ်မောင်–ဒေါ်ဖြူဖြူခင်တို့၏ မိခင်၊ မအေးသီတာပြုံး၊ မောင်နေလင်းအောင်၊ မခင်သူဇာကျော်၊ မဆုမြတ်ဝေတို့၏အဘွားသည် ၁၈–၄–၂၀၀၄(တနင်္ဂနွေနေ့)မွန်းလွဲ ၁း၂၀နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၄–၂၀၀၄ရက်မွန်းတည့် ၁၂နာရီတွင်ထိန်ပင်အအေးခန်းမှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်သည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပေါင်းတည်အသင်း(ရန်ကုန်)

ဦးကြည်ညွန့်

(ချစ်ကြည်ရေး –ကြည်ညွန့်)

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၁၁၈)၊ အခန်းအမှတ်(၅)နေ ရာသက်ပန်အသင်းဝင် ဒေါ်ခင်ခင်နု၏ ခင်ပွန်း ဦးကြည်ညွန့်သည် ၁၁–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၄–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

ဦးဘမြင့် (၂) အသက်(၇၀)

ဦးစီးအရာရှိ(ငြိမ်း)အကောက်ခွန်ဦးစီးဌာန

(ရေနံချောင်း)

ရန်ကုန်မြို့နေ(ဦးဘိုးကွန်း–ဒေါ်ညီမ)တို့၏ သားထွေး၊ (ဦးမောင်မောင်အေး–ဒေါ်ခင်ခင်ရီ)တို့၏ သားသမက်၊ (ဒေါ်ကြင်ကြင်)၊(ဒေါ်ရီရီ)၊ (ဦးတင်ရှိန်–ဒေါ်တင်တင်)–(ဦးအေး)တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်း၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၃၈၄)နေ ဒေါ်ခင်မြအေး (ပြည်တွင်းအခွန်များဦးစီးဌာန၊ငြိမ်း)၏ ခင်ပွန်း၊ ဦးချစ်ဆွေ (လ/ထ ညွှန်မှူး၊ ငြိမ်း၊ပတခ)–ဒေါ်မေသင်းနွယ် (လ/၅ မရမ်းကုန်း)၊ (ဦးသိန်းသန်း)–ဒေါ်အေးအေးမြင့်၊ ဦးဇော်လင်း၊ (ဦးသူရ)–ဒေါ်ခင်စိုးသူ၊ ဦးရွှေဝင်း–ဒေါ်သီတာ၊ ဦးသန်းဝင်း – ဒေါ်လှမြတ်သီဂီတို့၏ မွေးသဖခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ် ယောက်တို့၏ အဘိုးသည် ၁၈–၄–၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂၀–၄–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်လှိုင်(၆၉)နှစ်

တောင်ဥက္ကလာပမြို့နယ်၊(၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၂)လမ်း၊ အမှတ်(၄၉၆)နေ ဦးစိန်မောင်(ဒု–လ/ထ ညွှန်ကြားရေးမှူး သ/မ ဦးစီး–ငြိမ်း)၏ ဇနီး၊ ဦးသောင်းမြင့်၊ ဦးသိန်းမြင့်–ဒေါ်သန်းသန်းဆွေ၊ (မခင်မာကြိုင်)၊ ကိုအောင်သိုက်၊ မရီရီမြင့်(သ/မ ဦးစီး၊ သဃ်န်းကျွန်း)၊ ကိုအောင်လှိုင်တို့၏ မွေးသမိခင်၊ မြေးငါးယောက်တို့၏ အဘွား ဒေါ်တင်လှိုင်သည် ၁၈–၄–၂၀၀၄(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ကွယ်လွန်ပါ၍ ၂၀–၄–၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

တကဖေသိန်းခိုင် အသက်(၄၀)

ကြည့်မြင်တိုင်ရဲစခန်း

(ရမည်းသင်း)

ရမည်းသင်းမြို့၊ သီလဝလမ်း၊ ပန်းတိမ်ရပ်နေ (ဦးမြရွှေ–ဒေါ်ရီရီခင်) တို့၏သား၊ ဦးသိန်းဟန်–(ဒေါ်တင်ကြည်) တို့၏သားသမက်၊ ဒေါ်နီနီအေး၏ခင်ပွန်း၊ မောင်ခိုင်ထူးစံ၊မပြည့်ဖြိုးခိုင်တို့၏ဖခင်၊ တကကထွန်းထွန်းဦး (ကကဆက်)–မသီသီရွှေ၊ကိုချိုချိုမောင်–မညိုညိုမေတို့၏ ညီ/မောင်၊ မမေနွယ်ဝင်း (ဆည်မြောင်း)၊ကိုမြတ်မင်းထွဋ်–မမြသီတာထွေးတို့၏ အစ်ကို တပ်ကြပ်ဖေသိန်းခိုင်သည် ၁၈–၄–၂၀၀၄ရက် ညနေ ၅နာရီတွင်ကွယ်လွန်ပါ၍ ၂၀–၄–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(ကြည့်မြင်တိုင်ရဲစခန်းဝင်းနေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးရင် (သိပ္ပံစိုးရင်)

အသက်(၈၆)နှစ်

တွဲဖက် အတွင်းဝန်

ပြည်ထဲရေး(ငြိမ်း)

B.A,B.C.S, (S.G);

U.N: Fellow (London)

ကန်တော့ခံ သက်ကြီးစာပေပညာရှင်

အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) ရပ်ကွက်၊ (ခ–၂)လမ်း၊ အမှတ်(၄၁)နေ၊ (ဦးဘမောင်–ဒေါ်မြစိန်)တို့၏ သားကြီး၊ (ဦးစံညွန့်–ဒေါ်နု)တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်စိန်၏ ခင်ပွန်း၊ (ဦးမြင့်ဦး–ဒေါ်စန္ဒာစိုးရင်)၊ ဦးမင်းသူ(A/B, Uniteam Co.,Ltd.)–ဒေါ်ကလျာစိုးရင်၊ ဦးမြင့်စိုး (ဦးစီးအရာရှိ၊ ပဲခူးတိုင်း၊ အနောက်ပိုင်းတရားရုံး) – ဒေါ်ကြေးမုံစိုးရင်၊ ဒေါ်မာမာစိုးရင် (ဒု–မြို့နယ်တရားသူကြီး၊ဝါးခယ်မမြို့)၊ ဦးစိန်အောင် (ရွှေထိပ်ကမ္ဘာ မှန်နှင့် အလူမီနီယံ လုပ်ငန်း)–ဒေါ်မြတ်မြတ်စိုးရင် (M.Sc Engineering Physics Year-1)၊ ဦးသူရစိုးရင်တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၈–၄–၂၀၀၄ရက် ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀–၄–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ရဟန်းဒါယကာကြီး

ဦးထွန်းရင် (၇၅)နှစ်

ရုပ်ရှင်အစည်းအရုံး၊ကသာအသင်း(ရန်ကုန်)

(ကသာ)

ရွှေပြည်သာမြို့၊ အမှတ်(၅/၁/၂၄၈/က)၊ စိန်ချယ်လမ်းနေ (ဦးကံညွန့်–ဒေါ်အောင်ကြည်)တို့၏ ညီ၊ (ဦးချစ်ဆွေ)–ဒေါ်ခင်ရွှေ၊ (ဦးချစ်တင်)–ဒေါ်ခင်သောင်း၊ (ဦးတင်မြင့်)–ဒေါ်ရီရီမေ၊ (ဦးတင်ဝင်း)၊ ဦးသန်းနွယ်– ဒေါ်ပန်း၊ ဦးမြင့်ငွေး၊ ဦးကျော်ကျော်၊ ဒေါ်မြင့်မြင့်မော်၊ မောင်ရဲထွဋ်၊ မမြင့်မြင့်လွင်၊ မရှမ်းမတို့၏ အစ်ကိုကြီး၊ ဦးထွန်းအောင်ကြည် (ကျန်းမာရေးမှူး၊ငြိမ်း) – ဒေါ်သန်းတင် (ကျန်းမာရေးဆရာမကြီး၊ငြိမ်း၊ကျွန်းလှ) တို့၏ ညီ/မောင်၊ ဦးသိန်းကျော်–(အထပြ၊ကျွန်းလှ) – ဒေါ်မြင့်မြင့်၏ အစ်ကိုကြီးသည်၁၇–၄–၂၀၀၄(စနေနေ့) တွင် ကွယ်လွန်ပါ၍ ၁၉–၄–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်မောင်လတ်

အသက်(၆၀)

အမှတ်(၄၂၅)၊ ဗလ္လိကလမ်း၊ (၁၀) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးကြည်၊အငြိမ်းစားဗိုလ်ကြီး)–ဒေါ်တင်မြင့်တို့၏ သားကြီး၊ ဒေါ်ခင်ငွေးကြည်၊ တပ်ကြပ်ခင်မောင်အေး (မိတ္ထီလာလေတပ်)–ဒေါ်ဝေဝေ၊ ဦးခင်မောင်ငွေး (ခေတ္တ–မလေးရှား)၊ ဗိုလ်မှူးမျိုးမြင့်–ဒေါ်ခိုင်မာလာတို့၏ အစ်ကိုကြီး၊ မောင်ကျော်ကျော်အောင် (ခေတ္တ–မလေးရှား)၊ ကိုမောင်မောင်လှ–မသီသီလတ်၊ မနုနုအောင်၊ မရွှေစင်ထွန်း၊ မသူဇာအောင်၊ မမီမီအောင်၊မောင်နေရှိုင်းတို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၆–၄–၂၀၀၄ရက် ည ၁၂း၁၅နာရီတွင် မှော်ဘီမြို့နယ် ရွှေမြယာကျေးရွာတွင် ကွယ်လွန်ပါ၍ ၁၉–၄–၂၀၀၄ရက်တွင် မှော်ဘီမြို့နယ် ရွှေမြယာသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (တောင်ဥက္ကလာနေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သင်းသင်းကြည်

B.A, Myanmar

အသက်(၃၈)နှစ်

စိန့်မေရီကျောင်းသူဟောင်း

ရန်ကုန်မြို့နေ (ဦးစန်း)–ဒေါ်ကျင်လွမ်းတို့၏သမီးချွေးမ၊ (ဦးသင်း–ဒေါ်ကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်(၂၄)၊ ၆လွှာ၊ သင်္ဂဟလမ်း၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်နေ ဦးအောင်စန်းဦး(Lizstar Shipping)၏ ဇနီး၊ မကြည် မွေ့မြတ်နိုးဦး(VIII-B၊အထက–၃၊ဒဂုံ)၊ မောင်ဖြိုးပြည့်စုံဦး (IV-A၊ အထက–၃၊ဒဂုံ)တို့၏ မိခင် ဒေါ်သင်းသင်းကြည်သည် ၁၇–၄–၂၀၀၄ရက် မွန်းလွဲ ၁း၃၅နာရီတွင် ကန်သာယာဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၉–၄–၂၀၀၄ ရက် မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမျိုးဝင်း (၆၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းရိပ်သာလမ်း၊ခြံအမှတ်(၄)နေ [ဦးလွင်(ခ) ဦးချူလွင်–ဒေါ်ကျင်ရန်]တို့၏ သားထွေး၊ (ဦးဖိုးယား–ဒေါ်ယုကမ်)တို့၏ သားသမက်၊ ဒေါ်ခင်အေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးဇော်လတ်–မခင်သန္တာအောင်၊ ကိုမောင်မောင်ထွေး–မမျိုးယဉ်မင်း၊ မောင်မျိုးဇော်ထွဋ်၊ မမျိုးယုမင်း၊ မောင်မျိုးဇော်ထက်တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၁၈–၄–၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀–၄–၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းမီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ညွန့် (၈၅)နှစ်

(ဂွမြို့)

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ ခေမာသီလမ်း၊ အဆောင်(၂)၊အခန်း (၂)နေ ဒေါ်သန်းရင်၏ခင်ပွန်း၊ ဦးထွန်းနိုင်၊ ဒေါ်သိန်းမြင့် (ချစ်ရေခဲစက်၊ဂွမြို့)၊ ဦးစိုးတင့်၊ ဒေါ်သောင်းသောင်းမြင့်၊ ဦးချစ်သိမ်း(မူအုပ်–ငြိမ်း) ဒေါ်ကြည်ဝင်းတို့၏မွေးသဖခင်၊ မောင်ကျော်ကျော်နိုင်၊ မမြင့်မြင့်ကြည်၊ မောင်ဇော်မင်းနိုင် (B.A Hist)၊ မအေးဇေယျာနိုင်(B.A Hist)၊ ကိုဂျူး (Tun Tint Wai Trading Thabaung)၊ မခင်မွန်ဖွေး(ဒသမတန်း)၊ မောင်ချစ်ဖြိုး (2[nd] M.B.,B.S ဆေးတက္ကသိုလ်၂၊ ရန်ကုန်)၊ မောင်ဆက်ဝေလှိုင်(စတုတ္ထတန်း)တို့၏ အဘိုးသည် ၁၈–၄–၂၀၀၄ရက် နံနက်၁နာရီတွင် နေအိမ်၌ ကွယ်လွယ်သွားပါ၍ ၂၀–၄–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများမွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဦးသိန်းဝင်း(၅၂)နှစ်

အကြီးတန်းသတင်းထောက်

(ကြေးမုံသတင်းစာတိုက်)

အသင်းဝင်အမှတ်–၄၄၆

မြောက်ဥက္ကလာပမြို့နယ်၊(၃)ရပ်ကွက်၊ အိန္ဒြာ(၁၀)လမ်း၊ အမှတ်(၁၀၃၄)နေ ဒေါ်စန်းစန်းဝင်း၏ ခင်ပွန်း ဦးသိန်းဝင်းသည် ၁၇–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၉–၄–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

(အသင်းမှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

မအေးအေးသန့် (၂၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၄/ခ/၂)၊ အခန်း(၄/ခ)နေ ဦးသိန်းထွန်း (အကြီးတန်းလိုင်စင်အင်/ယာ)–ဒေါ်အေးအေး (ဌာနခွဲမှူး–ငြိမ်း–ကစလ)တို့၏ သမီး၊ ကိုဇေလတ်ထွန်း(လ/ထ ကထိက၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန)၊ မထက်ထက်အောင် (ဝေဠုဝန် GSM အိတ်ချိန်း၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း) တို့၏ ညီမ မအေးအေးသန့်သည် ၁၇–၄–၂၀၀၄(စနေနေ့) ည၇း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၁၉–၄–၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင်ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Suan Lian Sian Saang

(ခ)မောင်ရှိုင်းအောင်လွင်

အသက်(၁)နှစ် (၆)လ

ရန်ကုန်မြို့နေ Pu Lun Cin Kham–Pi Cing Kho Vungတို့၏မြေး၊ ၊ Lia Ciin Lam Niang – Nu Ciin Nuam Cing - Pa Khup Sian Mung (ကိုမွန်သောင်)၊ Pa Kham Khan Suan(ပန်းချီကျော်ကျော်ဦး)– Nu Go Khan Cing ၊ Tg Kham Lian Thawng(ပန်းချီအိုဦးထောင်)၊ Lia Ciin Suan Cing၊ Man Lam Ciinတို့၏တူ၊ လှိုင်မြို့နယ်(၉)ရပ်ကွက်၊ စိန်နဂါးတိုက် အခန်း(၄၀)နေ Pa John-Nu Nel Lian Mang တို့၏ ချစ်လှစွာသောသား၊ Lia Vung Sian Cing ၊ Lia Vung Sian Deih Cing တို့၏ မောင်လေးသည် ကလေးဆေးရုံကြီး၌ ၁၆–၄–၂၀၀၄ရက် ၇း၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉–၄–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်သင်္ချိုင်း၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်နှင့် ဇောနွေလဘုရားကျောင်းရှေ့မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်မြင့် (၈၁)နှစ်

ရေကြောင်းအရာရှိ

(ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့)

ရန်ကုန်မြို့ ရေကျော်ရပ်နေ (ဦးအေးမောင်–ဒေါ်ဒေါ်ကျင်)တို့၏ သား၊ (ဒေါ်ဒေါ်တာ)၊ (ဦးသာလှမူ–ဒေါ်ခင်စိန်မူ)၊(ဦးခင်ညွန့်–ဒေါ်မြမေ)၊(ဦးဖေသန်း)တို့၏ ညီ၊ (ဦးခင်လတ်)–ဒေါ်ခင်နွယ်မြင့်၊ (ဦးတင်အုန်း)–ဒေါ်မြင့်ဆွေ၊ ဒေါ်ခင်မေဝင်း၊ (ဗိုလ်မှူးကြီးလှကြည်–လေ)– ဒေါ်တင်တင်နွယ်တို့၏ အစ်ကို၊ ဗိုလ်တထောင်မြို့နယ်၊(၄၆)အထက်လမ်း၊ တိုက်(၁၅၆)၊ အခန်း (၂၇)နေ ဒေါ်ကျင်မေ၏ခင်ပွန်း၊ မောင်ဝင်းကျော်မြင့်–မနုနုအောင်၊ (မောင်ဇော်ဇော်မြင့်)တို့၏ ဖခင် မသန္တာစိုး၏ အဘိုးသည် ၁၈–၄–၂၀၀၄ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀–၄–၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၈း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအေးကြူ(ခ)ဦးအေးကြည်

အသက်(၄၂)နှစ်

ဆည်မြောင်းဦးစီးဌာန

တိုင်းတာရေးရုံး

ဒဂုံမြို့သစ်မြောက်ပိုင်း၊(၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းနေဦးလှထွန်း–ဒေါ်ခင်ညွန့်တို့၏ သား၊ ဦးဝင်းလှိုင်(ဆည်မြောင်းဦးစီးဌာန)–ဒေါ်ခင်မကြီး၊ဇမ္ဗူမိုင်၊ ဝိဇ္ဇာလမ်းနေ ဒေါ်ဝင်းကြည်တို့၏ ညီ/မောင်၊ ဗိုလ်မှူးဗထူးလမ်းနေ ဒေါ်ခင်သန်းဝေ၊ ကိုမြင့်လွင်–မသိန်းသိန်းကြည်၊ ကိုခင်စိုး–မမြင့်မြင့်ခိုင်(ကေရီ အထည်ချုပ်)တို့၏ အစ်ကို၊ တူ၊ တူမ ခြောက်ယောက်တို့၏ ဦးလေးသည် ၁၇–၄–၂၀၀၄(စနေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်ပါ၍ ၁၉–၄–၂၀၀၄(တနင်္လာနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ဇော်ဇော်အောင် (၂၅)နှစ်

(D.S.T.A-5[th] Intake)

သန်လျင်မြို့နယ်၊ ကျိုက်အင်းကျေးရွာနေ ဦးမျိုးအောင်၊တပ်မတော်(ရေ)(ငြိမ်း) (မြန်မာ့ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်း)–ဒေါ်စန်းစန်းနွဲ့တို့၏ချစ်လှစွာသောသားကြီး၊ မမျိုးနန္ဒာအောင် [(EC) နောက်ဆုံးနှစ်၊ မှော်ဘီပညာရေးကောလိပ်]၏ ချစ်လှစွာသော အစ်ကို၊ ဗိုလ်ဇော်ဇော်အောင် (B.E. Mech) သည် ၁၆–၄–၂၀၀၄ရက် နံနက်၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၄–၂၀၀၄ ရက် ညနေ၅း၂၀နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ၂၂–၄–၂၀၀၄ရက် နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

မောင်ရှိုင်းအောင်လွင်(ခ)

Suan Lian Sian Saang

အသက်(၁)နှစ်(၆)လ

ရန်ကုန်မြို့နေ ဦးမောင်လှ–ဒေါ်ရင်ရင်မေတို့၏ မြေး၊ မနွယ်နွယ်၊ မောင်ကျော်စွာလွင်၊ မောင်ဉာဏ်ဝင်း၊ မောင်အောင်ကြီး၊ မောင်ဇော်ကြီးတို့၏ တူလေး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ စိန်နဂါးတိုက်၊ အခန်း(၄၀)နေ ဦးစိန်လွင်–ဒေါ်နယ်လီမန်းတို့၏ ချစ်လှစွာသောသား၊မပိုးနန္ဒာလွင်၊ မပိုးသန္တာလွင်တို့၏ မောင်သည် ကလေးဆေးရုံကြီး၌ ၁၆–၄–၂၀၀၄ရက် ၇း၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉–၄–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေး ခရစ်ယာန်သင်္ချိုင်း၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်နှင့် ဇောနွေလဘုရားကျောင်းရှေ့မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၄၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မြန်မာ့ရိုးရာ မဟာသင်္ကြန်ကာလအတွင်း တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ရင်းနှီးချစ်ကြည်ပျော်ရွှင်စွာ မိသားစုအသွင်နေထိုင်ခဲ့ကြသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်

ယနေ့ ဆုံစည်းကြရသကဲ့သို့ ထာဝရစည်းလုံးညီညွတ်စွာ ဆုံစည်းကြမည်ဟု ယုံကြည်မျှော်လင့် "ဘယ်သူခွဲခွဲ–ဒို့မကွဲ" ဆိုသည့်သဘောထားခံယူချက်ကို အမြဲထာဝရ ထိန်းသိမ်းစောင့်ရှောက်

အမှာစကားပြောကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှု အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၎င်း၏ဖိတ်ကြားချက်အရ ၂၀၀၄ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်တွင် ပါဝင်ဆင်နွှဲခဲ့ကြသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှု အဖွဲ့ဝင်များ ဖြစ်ကြသည့် ကချင်ပြည်နယ် ဆွမ်ပရာဘွမ်ဒေသမှ ဂျိန်းဖောတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ နောင်မွန်းဒေသမှ ရဝမ်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်၊ ကုန်းကြမ်းဒေသမှ ကိုးကန့်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ပန်ဆန်းဒေသမှ "ဝ"တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံဒေသမှ အခါတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ပါလျိုး/ကျိုင်းလပ်ဒေသမှ ယွန်းတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်း၊ ကျိုင်းခမ်းဒေသမှ ရှမ်းတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကျောက်တလုံး ဒေသမှ ပအိုဝ်း တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကယားပြည်နယ် မိုးဗြဲဒေသမှ ကယန်းတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ မော်ချီးဒေသမှ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ မွန်ပြည်နယ် ရေးတောင်ခြမ်းဒေသမှ မွန်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကရင်ပြည်နယ် လှိုင်းဘွဲဒေသမှ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ တနင်္သာရီတိုင်း ချောင်ချိဒေသမှ မွန်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ရခိုင်ပြည်နယ် မောင်တောဒေသမှ သက်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ချင်းပြည်နယ် ထန်တလန်ဒေသမှ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ စစ်ကိုင်းတိုင်း ပင်လယ်ဘူး၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်စဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြု ညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် စစ်ဒေသမှူးများ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန ဌာနမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့သွားရောက်၍ ဈေးရောင်း၊ ဈေးဝယ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✧